ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ (15-12-2014) (၈၀၅၅)

## ကြည်လင်သောစိတ်

- စိတ်သည် အရာရာကို ဦးဆောင်၏။
- စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့် တူ၏။

(ဓမ္မပဒပါဠိတော်)

# ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဆောင်ရွက်မှု အရေးပါ

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နှစ်(၄၀)မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော နှစ်(၄၀)မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပေးပြီးနောက် ရခိုင်ပြည်နယ်နေ့ကို ရွေးချယ်သတ်မှတ်ရာ၌ ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲ စတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်(၄၀)မြောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် သဘာဝပထဝီအနေအထားအရ တည်ရှိသည့် မြောက်မှတောင်သို့ သွယ်တန်းနေသော ရခိုင်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသော ကမ်းရိုးတန်း၊ သာယာလှပသော ငပလီကမ်းခြေ၊ ကျောက်ဖြူ

**ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲကြိုးပမ်းဖော်ဆောင်။**

ရေနက်ဆိပ်ကမ်း၊ မြေဩဇာကောင်းမွန်သော မြောက်ပိုင်းလွင်ပြင်ဒေသတို့သည် နိုင်ငံတကာက အထူးစိတ်ဝင်စားသော မြေပေါ်၊ မြေအောက်သဘာဝသယံဇာတများဖြစ်ပြီး မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သည်လည်း တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ နေရာတစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှုအထက်တန်းကျောင်းများ၊ အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော ရခိုင်ပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# မြောက်ပိုင်းလမ်းနှင့် ရှေ့ရောင်အနာဂတ်




"အို မြောက်ပိုင်းလမ်း. . မူဆယ်နမ့်ခမ်းလမ်း. . . ဩော် မြောက်ပိုင်းလမ်း ကျွန်တော်လေ ရွှေဖီချိန်က လက်ဖက်ပေါ်တဲ့အခါမှာ . . . ဂျီအမ်စီလိုကားကြီးမျိုး မန္တလေးဘက်သို့ ကုန်တင်ကာသွားတယ်. . . လမ်းတွေကဆိုးဆိုး ချိုင့်တွေကပေါ်ပေါ်. . . ဇောချွေးလေးများ ပြန်နေအောင် မောင်းတယ်. . . ဒါဟာဒရိုင်ဘာမြောက်ပိုင်းလမ်းရဲ့ အဖြစ်ပါ. . . အကြိမ်ကြိမ်အခါခါ ကားပျက်လည်းမဆန်းပါ. . . မိုင်တစ်ရာကျော်သာရှိတဲ့ လမ်းရဲ့အတိုင်းအထွာ. . . တစ်နေကုန်အောင် မောင်းကြရတာ. . . ."

အထက်ပါ သီချင်းစာသားလေးသည် နာမည်ကျော် အဆိုတော် စိုင်းဆိုင်မော်ဝ်က သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ကိုယ်တိုင်ရေးစပ်သီဆိုထားသည့် မူဆယ်နမ့်ခမ်းလမ်း သီချင်းထဲက စာသားများပင်ဖြစ်သည်။ ဒီဇင်ဘာ ၁၀ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ဦးဆောင်ကာ မူဆယ်မြို့ ၁၀၅ ကုန်သွယ်ရေး

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖



ကြေးမုံစာတည်းရှုထောင့် ၁၅-၁၂-၂၀၁၄၊ တနင်္လာနေ့

# ရာသီဥတုပြောင်းလဲမှုသတိပြု

မိမိတို့နိုင်ငံ၏ နွေ၊ မိုး၊ ဆောင်းသုံးရာသီ ပုံမှန်လည်ပတ်မှုကိုတစ်ချိန်က ဟုသာ ဆိုရတော့မည်။ မျက်မှောက်ကာလမှာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကိုခံနေရပြီ။ ယခုနှစ် ဆောင်းရာသီ အအေးဆုံးကာလဖြစ်ရမည့် ဒီဇင်ဘာလသည် အပူချိန်ပြင်းထန်နေသည်။ ငြင်း၍မရနိုင်သည့်ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၏ နမူနာ ပြယုဂ်တစ်ခု။

ကမ္ဘာတစ်ဝန်းမှာ မိုးခေါင်၊ ရေကြီး၊ မုန်တိုင်းတိုက်ခတ်စသည်ဖြင့် သဘာဝလွန်ဖြစ်ရပ်များနှင့် ကြုံလာနေရသလို မိမိတို့နိုင်ငံသည်လည်း အများနည်းတူမျှဝေခံစားလာနေရသည်။ ယခုတစ်ဖန် အရှေ့မြောက်လေအေးများ မိမိတို့နိုင်ငံတွင်းသို့ဝင်ရောက်လာနေပြီဟု သိရသည်။ မြန်မာ့ပင်လယ်ပြင်တွင် သွားလာနေရကြသောရေယာဉ်များ ကမ်းခွာလေဟုခေါ်တွင်သော လေပြင်းအန္တရာယ်ကို သတိပြုနိုင်ရေးအတွက် သတင်းထုတ်ပြန် သတိပေးလျက်ရှိကြသည်။ တရုတ်ပြည်မကြီးပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားများရပ်ဝန်း၏ အရှိန်ကို မိမိတို့နိုင်ငံတချို့ဒေသများတွင် ခံစားနေရနိုင်ကြောင်း ဆိုထားသည်။

၎င်းအရှေ့မြောက်လေကြမ်း သရမ်းမှုဒဏ်ကို ကုန်းတွင်းမှာဆိုလျှင် ပြဿနာကြီးကြီးမားမားမရှိနိုင်။ ကမ်းရိုးတန်းဒေသများတွင် ငါးဖမ်းလှေများ၊ အထူးသဖြင့် ကမ်းဦးရေတိမ်ပိုင်းတွင် ကျားဖောင်လုပ်ငန်း လုပ်ကိုင်နေကြသူများအသက်အန္တရာယ်ထိဖြစ်နိုင်ပါသည်။ ကုန်းတွင်းမှလာသည့် ၎င်းကမ်းခွာလေကြောင့် ကျားဖောင်လုပ်သားများကို ကမ်းနှင့်ဝေးရာပင်လယ်ပြင်သို့ ဆွဲခေါ်သွားနိုင်၍ ဖြစ်ပါသည်။ ပြီးခဲ့သည့် နိုဝင်ဘာပထမပတ်က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သည့် လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ ဘိုကလေးမှ တံငါလုပ်သားများ ပင်လယ်ထဲမျောပါသွားခဲ့ရပြီးဖြစ်သည်။ တပ်မတော်(ရေ)စစ်ရေယာဉ်များ၏ကျေးဇူးကြောင့် အသက်ချမ်းသာရခဲ့ကြခြင်းဖြစ်ပါသည်။

ယမန်နှစ်ကလည်း ၎င်းဒေသဝန်းကျင်မှာ ကမ်းခွာလေခေါ်မြောက်ပြန်လေကြမ်းတိုက်ခတ်မှုဒဏ်ကြောင့် ပင်လယ်ပြင်မှာ လွင့်မျောဒုက္ခရောက်ခဲ့ကြဖူးပြီ။ တချို့သေကျေပျက်စီး၊ တချို့အိန္ဒိယကမ်းခြေထိ မျောပါသွားကြသည်။

ထို့ကြောင့်လည်းမိုး/ဇလဌာနမှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ မိမိတို့နိုင်ငံ၏မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီဒေသ၊ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အရှေ့လေပြင်းများကြောင့် တစ်နာရီလေတိုက်နှုန်း ၃၅ မိုင်ထိ တိုက်ခတ်နိုင်ကြောင်း ပင်လယ်ရေပြင်သတိပေးချက် ထုတ်ပြန်ကြေညာထားသည်။

မိုး/ဇလဌာနသတင်းထုတ်ပြန်ချက်ကို ကြည့်လျှင် တရုတ်နိုင်ငံ လေဖိအားများ ရပ်ဝန်း၏ သက်ရောက်မှု ဖိလစ်ပိုင်ကို ဖြတ်သန်းသွားပြီး မုန်တိုင်းကုန်းတွင်းပိုင်းကို ဝင်ရောက်လာနေမှု၊ ၎င်းနှစ်ခု အစုအဝေးနှင့်မိမိတို့ နိုင်ငံတွင် လာရောက်ဆုံတွေ့နိုင်သည်။

ကုန်းတွင်းနေပြည်သူများထက် ကမ်းရိုးတန်းဒေသနေပြည်သူများအထူးသဖြင့် ပင်လယ်တွင်းမှာ ငါးဖမ်းငါးရှာ တံငါလှေရေလုပ်သားများ"တစ်ခါသေဖူး ပျဉ်ဖိုးနားလည်"ဆိုစကားကဲ့သို့ တစ်ခါမက ခံခဲ့ရဖူးပြီဖြစ်ရာ ယခုလည်း မြောက်ပြန်လေကြမ်းရော အရှေ့လေပါ တိုက်ခတ်လာတော့မည်။ မိုး/ဇလ ဌာနက သတိပေးထားသည့်အတိုင်း အန္တရာယ်လေပြင်းတိုက်ခတ်လာနိုင်သည်။ "အသက်ကို ညဏ်စောင့်"သည်ဆိုစကားကဲ့သို့ မိုးမပြိုပြုခဲ့သော် ၎င်းရက် ပိုင်းမှာ ပင်လယ်ပြင်ရောက်ရေလုပ်သားများ အချိန်မီ ကမ်းခြေသို့ ဝင်ခိုနေကြ ဖို့ ကြေးမုံက ထပ်လောင်းအသိပေး နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ပဲခူးတိုင်းဒေသကြီး၌ မီးသတ်ယာဉ်များလွှဲပြောင်းပေးအပ်

**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိခရိုင်/မြို့နယ် မီးသတ်စခန်းများသို့ မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် အပေါ့စားမီးသတ်စက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ် သုံးစီး၊ အပေါ့စားမီးသတ်စက်နှစ်လုံးတို့အားလည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌဦးဝင်းတင်က တောင်ငူခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အပေါ့စားမီးသတ်စက်နှစ်လုံး၊ တရားသူကြီးချုပ်ဦးမောင်မောင်ရွှေက ပြည်ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အပေါ့စားမီးသတ်စက်တစ်လုံး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်ငါးစီး၊အပေါ့စားမီးသတ်စက်နှစ်လုံး တို့အားပေးအပ်ရာ သက်ဆိုင်ရာခရိုင်မီးသတ်ဦးစီးမှူးများက လက်ခံကြသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးဟန်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်များ၏ စွမ်းရည်သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကရင်(ပဲခူး)**

## လယ်ယာကဏ္ဍဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲအတွက် ဂီတပညာရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးလေး၊ အလုပ်အမှုဆောင်များနှင့် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ အော်ဂဲနစ် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံစိုက်ကွင်း၌ တွေ့ဆုံပြီး တောင်သူလယ်သမား ဂုဏ်ပြုတေးဂီတပြိုင်ပွဲဝင်သီချင်း ၁၅၅ ပုဒ်အား ပညာရှင်အဖွဲ့က စိစစ်ရွေးချယ်ထားမှုကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂီတပညာရှင်များသည် စိုက်ကွင်းအတွင်းရှိ သင်္ဘောသီးစိုက်ခင်းနှင့် ပိန္နဲပျိုးပင်၊ နာနတ်ပျိုးပင်၊ ခရမ်းပျိုးပင်များနှင့် နာနတ်သီး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ သခွားမွှေး၊ ပိန်းဥ၊ ကန်စွန်းဥများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စင်တင် ဘူးလုံးကြီးမျိုး စိုက်ခင်း၊ ဟင်းနုနယ်စိုက်ခင်း၊တိုင်ထောင်သခွားမွှေးစိုက်ခင်း၊ နေကြာသီးနှံစိုက်ခင်း၊ ဟင်းနုနယ်အနီမျိုး၊ မုန်လာဥစိုက်ခင်းများ၊ ခရမ်းချဉ်သီးစိုက်ခင်း၊ ကြက်ဟင်းခါးသီးစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ကန်စွန်းဥစိုက်ခင်း၊ ဖရဲစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အအေးခန်း သိုလှောင်ရုံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် လေ့လာရေးရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ စိုက်ပျိုးရေးပညာရှင်များအား တောင်သူပညာပေးစိုက်ကွင်း၌ တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနစိုက်ခင်းရှိ အာလူး၊ ခရမ်းနှင့်သခွားမွှေးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေဖရုံသီး မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးပြီး နေပြည်တော်ရှိ စံပြတောင်သူပညာပေးစိုက်ကွင်းများ၏ အောင်မြင်မှုများကို နိုင်ငံတစ်ဝန်း ပျံ့နှံ့ရေးအတွက် ဂီတပညာရှင်များ၏ စွမ်းအားဖြင့် တောင်သူပညာပေး ဂုဏ်ပြုတေးသီချင်းများဖြင့် ယှဉ်ပြိုင်ရေးဆောင်ရွက်ပေးခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ အားကို ရရှိနိုင်ရန်နှင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍကို ခေတ်နှင့်အမီ ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ စာပေပညာရှင်များ၊ ဂီတပညာရှင်များကလည်း တတ်စွမ်းသည့်အခန်းကဏ္ဍမှ တောင်သူလယ်သမားများနှင့် နိုင်ငံတော်အတွက် အလုပ်အကျွေးပြုကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**




အခွန်ဘဏ္ဍာပြည့်ပါမှ
လုပသာယာ
တို့ပြည်မြန်မာ

နှစ်သစ်ကူး
အထူး
ဈေးရောင်းပွဲတော်
up to 40% OFF SPECIAL SALE
AMERICAN VISION
EYE CARE CENTER
Happy New Year Promotion
HAPPY NEW YEAR 2015
အမေရိကန်ဗွီးရှင်း ဆိုင်များအားလုံးတွင် စစ်မှန်သော Branded
ပါဝါ၊ နေကာ မျက်မှန်များကို up to 40% Off အထူးလျှော့ဈေးနှုန်းဖြင့်
( 5 - 1 - 2015 ) ရက်နေ့အထိ ရောင်းချပေးနေပါပြီ။
ဖုန်း ရန်ကုန် - 01 242476, 516711, 539604, 203464, 09 8627445. မန္တလေး - 02 35691, 35588. နေပြည်တော် - 067 432393
ပုလဲစင်တာ၊ မြေညီထပ်၊ ကမ္ဘာအေးဘုရားလမ်းမနှင့်ဆရာစံ လမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၈၆၂၇၄၄၅ တွင် ဆိုင်ခွဲအသစ်ကို ထပ်မံဖွင့်လှစ်ထားရှိပါသည်။

☆ ရှေ့ဖုံးမှ

သဘာဝသယံဇာတများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် မကြာမီဖြစ်ထွန်းလာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ပုဏ္ဏားကျွန်း စက်မှုဇုန်၊ ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်းနှစ်ခုအကြား ပဋိပက္ခများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ တည်ငြိမ်မှုရရှိနေပြီဖြစ်ရာ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများနှင့်အတူ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# ပတ္တမြားရတုရခိုင်ပြည်နယ်နေ့ ပြည်သူများ၏အမြင်

**ရခိုင်ပြည်နယ်အတွက် မင်္ဂလာသတင်း၊ ရခိုင်ပြည်နယ် နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အထိမ်းအမှတ်နေ့ကို စစ်တွေမြို့ ဝေသာလီအားကစားပြိုင်ကွင်းတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပတော့မည်။ ထူးခြားသော အခမ်းအနားနှင့်ပတ်သက်၍ စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်နေသည့် တာဝန်ရှိသူများအား မေးမြန်းခဲ့ရာ ၎င်းတို့၏ စကားသံများကို ရေးသားဖော်ပြလိုက်ပါသည်။**

**အမေးအရေး » မောင်မောင်မြင့်ဆွေ၊ မင်းမင်းဇော်**
**ဓာတ်ပုံ » ငွေအောင်**

**ဦးမိုးဟိန်း**
**(ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)**

အရင်တုန်းက ရခိုင်ပြည်နယ်နေ့ကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက သာမန်ပဲကျင်းပခဲ့ကြတယ်။ အခုလို ရခိုင်ပြည်နယ်နေ့ကို ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပတာ ပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ရခိုင်ပြည်နယ်ဟာ တည်ငြိမ်အေးချမ်းတယ်။ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာတွေကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုရခိုင်ပြည်နယ်နေ့အခမ်းအနားကို ခမ်းခမ်းနားနားကျင်းပနိုင်ဖို့အတွက် အခမ်းအနားအစီအစဉ် ၂၂ ခုနဲ့ ဆောင်ရွက်သွားမှာဖြစ်တယ်။ နိုင်ငံကျော်တေးသံရှင်တွေ၊ တေးသရုပ်ဖော်အကတွေ၊ ကောင့်ဒေါင်းအစီအစဉ်နဲ့ မီးရှူးမီးပန်းလွှတ်တင်တာတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီရခိုင်ပြည်နယ်နေ့မှာ



ဦးမိုးဟိန်း(ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)



ဝိုင်းစုခိုင်သိန်း (အနုပညာရှင်)



ဒေါ်သာစိန် (ကျောင်းအုပ်ဆရာမကြီး)

ထူးခြားတာက ရခိုင်ပြည်နယ်ကြီး ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိတဲ့ အထိမ်းအမှတ်အခမ်းအနား ပါဝင်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အစိုးရအနေနဲ့ အောင်မြင်အောင်ဆောင်ရွက်နိုင်တယ်ဆိုတာပြသတဲ့ အခမ်းအနားလည်း ဖြစ်ပါတယ်။ ဒီအခမ်းအနားကို စစ်တွေမြို့ ဝေသာလီအားကစားပြိုင်ကွင်းမှာ ကျင်းပမှာဖြစ်ပြီး ရခိုင်ရိုးရာကျင်ပြိုင်ပွဲကို ဝက်ဘာကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**ဝိုင်းစုခိုင်သိန်း**
**(အနုပညာရှင်)**

အရင်က ရခိုင်ပြည်နယ်ကို အကြိမ်ကြိမ်လာရောက်ဖျော်ဖြေဖူးပါတယ်။ ရခိုင်ပြည်နယ်နေ့ အခမ်းအနားပွဲကို ပထမဆုံးအကြိမ်ဖျော်ဖြေခြင်းပါပဲ။ ဖျော်ဖြေမယ့်သီချင်းတွေကတော့ သတ်မှတ်ထားတာမရှိပါဘူး။ ပရိသတ်အကြိုက်သီချင်းတွေကို ဖျော်ဖြေသွားမှာပါ။ ဒီပွဲမှာ အခြားအနုပညာရှင်မောင်နှမတွေဖြစ်တဲ့ နီနီခင်ဇော်၊ အေသင်ချိုဆွေနဲ့ ရခိုင်ဂီတအနုပညာရှင်တွေလည်း ပါဝင်သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။

**ဦးဦးကျော်ညွန့်**
**[ဦးစီးအရာရှိ(နည်းပညာ)၊ ကျေးလက်ဦးစီးဌာန]**

ကျွန်တော်ကတော့ ရခိုင်ရိုးရာကျင်အားကစားပြိုင်ကွင်းတည်ဆောက်ရေးတာဝန်ယူထားပါတယ်။ ကွင်းတည်ဆောက်နိုင်ဖို့ ကွင်းတစ်ခုလုံးရဲ့ ခန့်မှန်းခြေစာရင်း တွက်ချက်ပြီး ပြိုင်ကွင်းကို တစ်လခန့်ကြိုတင်ပြင်ဆင်တည်ဆောက်ခဲ့ပါတယ်။ ရိုးရာဆိုင်းဝိုင်းကြီးတွေ၊ ဆိုင်းဘုတ်တွေ၊ ဧည့်ခံအဆောင်တွေ၊ ပွဲကြည့်စင်တွေကို ပါထည့်သွင်းတည်ဆောက်ထားတာဖြစ်ပါတယ်။ တာဝန်ရှိသူတွေကလည်း အနီးကပ် ကြီးကြပ်ပေးလျက်ရှိပါတယ်။

**ဦးသိန်းရွှေ**
**(အုပ်ချုပ်သူ မင်းပြားမြို့နယ် ကျင်အားကစားအဖွဲ့)**

ကျွန်တော်တို့ ကျင်အားကစားအဖွဲ့မှာ ကစားသမား ၁၀ ဦးပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အတွက် အကောင်းဆုံးဆုကို ရရှိအောင်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ စားသောက်နေထိုင်ရေးကအစ သွားလာရေးအဆုံး စီစဉ်ပေးထားလို့ အားလုံးအဆင်ပြေချောမွေ့ပါတယ်။

**ဒေါ်သာစိန်**
**[ကျောင်းအုပ်ဆရာမကြီး အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း စစ်တွေမြို့]**

ဒီဝေသာလီအားကစားပြိုင်ကွင်းထဲမှာ ကျင်းပမယ့် နှစ်(၄၀)ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲနဲ့ ရခိုင်ပြည်နယ်မှာ ၂၄ နာရီ လျှပ်စစ်မီးရရှိတဲ့အခမ်းအနားမှာ ကပြဖျော်ဖြေနိုင်ဖို့ ကျွန်မတို့အဖွဲ့တွေ အစမ်းလေ့ကျင့်နေတာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့က ရိုးမရံစီတေးသီချင်းနဲ့ အထက(၁၊ ၂၊ ၄) အပါအဝင် အထကခွဲ(မကျည်းပင်)က ကျောင်းသူ ၉၀ နဲ့ ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ ။

# ချမ်းမြရွှေပြည် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ခရီးသည်များ စိတ်အနှောင့်အယှက်မရှိစေရေးနှင့် စနစ်တကျခရီးသည်တင်၊ ချနိုင်ရေးဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၄**

ခရီးသည်များ ကြိုရာတွင် စနစ်မကျဟု လူပြောများနေသည့် မန္တလေးချမ်းမြရွှေပြည်ခရီးသည်တင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ခရီးသည်များ စိတ်အနှောင့်အယှက်မရှိစေရေးနှင့် စနစ်တကျ ခရီးသည်တင်၊ ချနိုင်ရေးအတွက် ခရီးသည်များ အဝင်နေရာ သတ်မှတ်ထားပြီး တက္ကစီသမားများ ခရီးသည်ဝန်ဆောင်မှုပေးရာတွင် စနစ်တကျရှိစေရေးအတွက် နေရာသတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း ကားဝင်းအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောသည်။

ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် မန္တလေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ချမ်းမြရွှေပြည် (ကွဲဆည်ကန်)ကားဝင်းသည် တိုးတက်များပြားလာသည့် လူဦးရေ ခရီးသွားများကြောင့် လိုအပ်ချက်အရယာဉ်တိုးတက်လာပြီး ဝင်၊ ထွက်သွားလာမှုများ ရှုပ်ထွေးလာသကဲ့သို့ ဆိုင်ကယ်၊ ကားတက္ကစီသမားများ စည်းကမ်းမဲ့စွာပြုမူလျက်ရှိသည်။

"ခေါက်တိုခရီးသည်ကြို/ပို့ Taxi သမားများက ခရီးသည်ရရှိရေး သူ့ထက်ငါ အလုအယက်တိုးဝှေ့အပြိုင်အဆိုင်ခေါ်ကြရင်း ခရီးသွားပြည်သူတွေရဲ့ ကာယိန္ဒြေကို ထိခိုက်မှုတွေဖြစ်လာခဲ့ပါတယ်။ ခရီးဝေးကနေလာလို့ပင်ပန်းနွမ်းနယ်နေတဲ့ ခရီးသွားပြည်သူတွေရဲ့စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ ဒါကြောင့် စနစ်တကျရှိစေရေး နေရာသတ်မှတ်ပေးထားပါတယ်။လိုက်နာမှုမရှိရင် စည်ပင်/ရဲဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူသွားပါမယ်။အရေးယူမှုတွေလည်း ရှိနေပါတယ်" ဟု ကားဝင်းအုပ်ချုပ်ရေးမှူးကပြောသည်။ ချမ်းမြရွှေပြည်ခရီးသည်တင် အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ကားဂိတ်၊ လက်မှတ်အရောင်း၊ လူနေဂိတ်ခန်း စုစုပေါင်း၂၁၃ခန်းရှိပြီး ယာဉ်လိုင်း ၁၀၀ ကျော်၊နေ့စဉ် ဆိုင်ကယ်အဝင်အထွက် ၂၅၀၀ ခန့်၊ ကား ၁၅၀၀ ခန့် ဝင်ထွက်နေသည်။ "ခရီးသည်တွေ လုံခြုံစွာ



သွားလာနိုင်ရေးအတွက် အဓိကအဝေးပြေးကားအဝင် မနက် ၄ နာရီကနေ ည နောက်ဆုံးကား ၁၀ နာရီ ထွက်တဲ့ချိန်ထိ လမ်းကြောင်းရှင်းပေးရတယ်။ ယာဉ်ကြွခိုင်မှု၊ လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ၊ တရားမဝင် ပစ္စည်းများတင်ဆောင်မှုများ၊ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ လိုင်စင်များ စစ်ဆေးခြင်းများကိုနေ့စဉ် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းစစ်ဆေးနေပါတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

ဧည့်သည် အဝင်အထွက်ထက် တက္ကစီအရေအတွက်က ပိုမိုများပြားနေသည့်အတွက် စနစ်တကျရှိစေရေးအတွက် ပထမအဆင့်အဖြစ်နေရာ သတ်မှတ်ပေးထားပြီး နောက်ပိုင်းတွင် တက္ကစီအသင်းဖွဲ့ပေးပြီး စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

Basic Spoken English
Mon to Thurs-7:30-9:30am 15 Dec
Mon to Thurs-10:00-12:00am 15 Dec
Mon toThurs 1:00-3:00-5:00pm 15 Dec
Sat & Sun - 9:00-12:00 am 20 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon to Thurs-5:30-7:00pm 22 Dec
Mon to Thurs-7:30-9:30am 29 Dec
Pre-Intermediate English
Mon to Thurs-10:30-12:30 am 1 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon toThurs 1:00-3:00pm 22 Dec
Mon to Thurs-5:00-7:00pm 22 Dec
Grammar Foundation Course
Mon to Thurs - 1:00-2:30 pm 15 Dec
Vocabulary Enrichment Course
Mon to Thurs - 3:30-5:00 pm 8 Dec
Structure & Written Expression
Sat & Sun - 9:00-12:00 am 13 Dec
Mon to Thurs-4:00-5:30-7:00 pm 22 Dec
Sat & Sun - 12:30-3:30 pm 27 Dec
Basic Writing Course
San & Sun - 12:30 - 3:30 pm 20 Dec
San & Sun - 3:45 - 6:15 pm 20 Dec
Mon to Thurs - 10:00 - 12:00am 22 Dec
Academic Preparation for IELTS
Mon to Thurs - 10:30 - 12:30am 12 Jan
Academic Writing Course
San & Sun - 5:00 - 7:00 pm 10 Jan
IELTS(Test Practice) San&Sun 10:30to12:30am 10 Jan
IELTS(Speaking) San&Sun 1:00to3:30pm10 Jan
SAT Mon to Thurs -3:30-5:00pm 12 Jan
TOEFL Mon to Thurs-5:30-7:00pm 12 Jan
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
မြင့် အင် ဆန်း
အရေပြားနှင့် အလှအပဆေးခန်း
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗီးရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

# ဂျပန်ရွေးကောက်ပွဲ ရှင်ဇိုအာဘေးအနိုင်ရ

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ပါတီသည် ပါတီစုံရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာ ၄၇၅ ဦးရှိသည့်အနက် ၃၀၀ ခန့်ကို အနိုင်ရကြောင်း မဲရုံများက ကြေညာလိုက်ပြီဖြစ်သည်။

ဝန်ကြီးချုပ်သည် ၎င်း၏စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အထမြောက်အောင်မြင်စေရန် ရှောင်တခင်ရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက် နှစ်နှစ်စောပြီး ကျင်းပခဲ့ကြောင်းသိရသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့တတိယစီးပွားရေးအကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ညွှန်းကိန်းအရသိရသည်။ သို့သော် လွန်ခဲ့သောနှစ်အနည်းငယ်က စီးပွားရေးကျဆင်းမှုများဖြင့်ရင်ဆိုင်ခဲ့ရသည်။

ဝန်ကြီးချုပ်က ၎င်း၏အုပ်ချုပ်မှုကာလမပြီးဆုံးသေးခင် ရွေးကောက်ပွဲကိုကျင်းပရခြင်းမှာ သူ၏ 'အာဘေးစီးပွားရေး'မူဝါဒလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် လူထုဆန္ဒခံယူခြင်းတစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ 'အာဘေးစီးပွားရေး'လုပ်ငန်းစဉ်တွင် အခွန်အခလျှော့ချခြင်း၊ ငွေကြေးမဖောင်းပွစေရန် ကုန်စျေးနှုန်းများမြင့်တက်မှုကိုထိန်းသိမ်းခြင်းနှင့် အမျိုးသမီးလုပ်သားအင်အားတိုးတက်မှုရှိလာစေရန်နှင့် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးမည့် အစီအစဉ်များပါသည့် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးတို့ဖြစ်သည်။

**ဘီဘီစီ။**



# အီဘိုလာကြောင့် ဆီရာလီယွန်၌ ခရစ္စမတ်ပွဲ ကျင်းပနိုင်ဖွယ်မရှိ

**ဖရီးတောင်း ဒီဇင်ဘာ ၁၄**

ဆီရာလီယွန် အစိုးရသည် အီဘိုလာကူးစက်မြန်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံအတွင်း ခရစ္စမတ်ပွဲတော်အခမ်းအနားများကျင်းပခြင်းကို ပိတ်ပင်တားမြစ်ထားကြောင်း ဘီဘီစီသတင်းတွင် ယနေ့ဖော်ပြသည်။

ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်ရက်များအတွင်း ဆီရာလီယွန်နိုင်ငံတစ်ဝန်းရှိ လမ်းများတွင် ပြည်သူများ အီဘိုလာကူးစက်မြန်ရောဂါဘေးအန္တရာယ်မှ ကင်းလွတ်နိုင်စေရန်အတွက် အိမ်ထဲမှအိမ်အပြင် မထွက်ကြရန် တပ်ဖွဲ့ဝင်များက လိုက်လံစောင့်ကြည့်နေသည်။ ဘားများနှင့် ကလပ်များကို နှစ်သစ်ကူးပွဲတော်မတိုင်မီ ကြိုတင်ပိတ်ခိုင်းထားသည်။ တွေ့ဆုံပွဲများကိုလည်း တားမြစ်ထားကြောင်းသိရသည်။

ဆီရာလီယွန်နိုင်ငံတွင် ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်များကို ယခုနှစ်ကျင်းပနိုင်မည်မဟုတ်ဟု အစိုးရ၏ အီဘိုလာရောဂါတားဆီးနှိမ်နင်းရေးအဖွဲ့က ဆိုသည်။

အစ္စလာမ်ဘာသာဝင်အများစုနေထိုင်သော ဆီရာလီယွန်နိုင်ငံတွင် လူဦးရေ ၂၅ရာခိုင်နှုန်းသာလျှင် ခရစ်ယာန်ဘာသာဝင်များဖြစ်ပြီး တွေ့ဆုံပွဲများနှင့် ဖျော်ဖြေရေးပွဲများကို အားလပ်ရက်များတွင် ကျင်းပလေ့ရှိကြသည်။

ယခင်ထုတ်ပြန်ထားသော အီဘိုလာကူးစက်မြန်ရောဂါ တားဆီးနှိမ်နင်းရေးအမိန့်စာတွင် အရေးကြီးသောကိစ္စနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခွင့်ပြုထားကြောင်းသိရသည်။

ယခုထုတ်ပြန်ထားသော အမိန့်စာတွင် ဘားများကို ပိတ်ခိုင်းထားပြီး တွေ့ဆုံပွဲများကို တားမြစ်ပိတ်ပင်ထားကြောင်းနှင့် အလုပ်သွား၊ အလုပ်ပြန် ပုံမှန်လုပ်ရိုးလုပ်စဉ်ကိစ္စရပ်များကို ပိတ်ပင်ထားခြင်းမရှိကြောင်းသိရသည်။

ဆီရာလီယွန်နိုင်ငံ၏ အီဘိုလာရောဂါကူးစက်မှုနှုန်းသည် လိုက်ဘေးရီးယားနိုင်ငံထက် ပိုများကြောင်းနှင့် လွန်ခဲ့သော သုံးပတ်အတွင်း ရောဂါကူးစက်သူ ဦးရေ ၁၃၁၉ ဦး ထပ်မံတွေ့ရှိရကြောင်း သိရသည်။

**ဒေးလီးမေးလ်။**



# မလေးရှားလေယာဉ်ပျောက်ရှာဖွေမှု ရပ်ဆိုင်းတော့မည်

ဆစ်ဒနီ ဒီဇင်ဘာ ၁၄

ပျောက်ဆုံးလျက်ရှိသည့် မလေးရှားလေယာဉ် အမ်အိတ်ချ် ၃၇၀ ရှာဖွေသူများက သင်္ဘောများ၊ ရှာဖွေရေးပစ္စည်းများနှင့် ရာသီဥတုအခြေအနေများ၏ ကြန့်ကြာမှုများနှင့် နှောင့်ယှက်ဟန့်တားမှုများမရှိခဲ့လျှင် လေယာဉ်ပျောက်ရှာဖွေမှုသည် မေလတွင် ရပ်ဆိုင်းသွားနိုင်ကြောင်း ပြောကြားသည်။ ပျောက်ဆုံးနေသောလေယာဉ် ပူးပေါင်းရှာဖွေရေးအဖွဲ့က မလေးရှား၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့က ဆက်လက်ပူးပေါင်းရှာဖွေသွားဦးမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် အေပီသတင်းဌာနသို့ ပြောကြားသည်။

ပျောက်ဆုံးလေယာဉ်ပေါ် လိုက်ပါသွားသည့် ခရီးသည်၂၃၉ ဦး၏ မိသားစုဝင်များက ရုပ်အလောင်းတစ်ခုခုများတွေ့ခဲ့လျှင် တိုက်ဆိုင်စစ်ဆေးနိုင်ရန် လွန်ခဲ့သည့် သီတင်းပတ်က ဒီအင်န်အေနမူနာများ ပေးပို့ခဲ့ကြသည်။

အိန္ဒိယသမုဒ္ဒရာကြမ်းပြင်တွင် ရှာဖွေမှုများ ပြုလုပ်နေသည့် ဖူဂရိုအီကွေတာ သင်္ဘောသည် ယခုလောလောဆယ်ရှာဖွေမှုများ ပြီးဆုံးသွားလျှင် ဩစတြေးလျ ဖရီမန်တယ်ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်တော့မည်ဖြစ်ကြောင်း ပူးပေါင်းရှာဖွေရေးအဖွဲ့က ပြောကြားသည်။ အချို့သော ရှာဖွေရေးသင်္ဘောများသည်လည်း ယခုလတွင် ဆိပ်ကမ်းများသို့ ပြန်လည်ဆိုက်ရောက်လာခဲ့သည်။ ယခုအချိန်ထိ လေယာဉ်ပျောက်ရှာဖွေမှု ဧရိယာမှာ စတုရန်းကီလိုမီတာ နှစ်သိန်းခန့် ရှိသွားပြီဖြစ်သည်။

မလေးရှားလေကြောင်းလိုင်းမှ အမ်အိတ်ချ် ၃၇၀ လေယာဉ်သည် လွန်ခဲ့သည့် မတ်လအတွင်းက ကွာလာလမ်ပူမြို့မှ ပေကျင်းမြို့သို့ ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး လာမည့်မေလဆိုလျှင် ပျောက်ဆုံးမှုမှာ တစ်နှစ်ကျော်သွားမည်ဖြစ်သည်။ ပျောက်ဆုံးနေသည့် ခရီးသည်များ၏ ကျန်ရစ်သူမိသားစုဝင်များကမူ ပြန်လည်တွေ့ရှိရန် မျှော်လင့်လျက်ရှိနေဆဲပင်ဖြစ်သည်။

**ဒေးလီးမေးလ်။**

# အီရတ်စစ်ရဟတ်ယာဉ်တစ်စင်းအား အိုင်အက်စ်စစ်သွေးကြွများ ပစ်ချ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄**

အီရတ်စစ်ရဟတ်ယာဉ်တစ်စင်းအား အစ္စလာမ့်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွလက်နက်ကိုင်များက ဒီဇင်ဘာ ၁၃ ရက်တွင် ပစ်ချခဲ့ရာ ရဟတ်ယာဉ်မှ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မှ မိုင် ၈၀ အကွာရှိ ဆာမာရာမြို့တွင် အဆိုပါရဟတ်ယာဉ်အား အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အီရတ်အစိုးရတာဝန်ရှိသူက ပြောကြားသည်။

အီရတ်အစိုးရတပ်ဖွဲ့များနှင့် ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းကာ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်နေခဲ့သည်မှာ လအတန်ကြာရှိသွားပြီဖြစ်သည်။ ဒီဇင်ဘာ ၁၃ ရက်တွင် ဗြိတိန်အစိုးရကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လွန်က အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရန် ဗြိတိသျှတပ်ဖွဲ့ဝင် ရာနှင့်ချီ၍ စေလွှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် မကြာသေးမီရက်များက အသေခံထရပ်ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး လူကိုးဦးသေဆုံးခဲ့ရသည်။ သေဆုံးသူများထဲတွင် အီရတ်တပ်သားများလည်းပါဝင်သည်။ ယင်းကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် ယခု အီရတ်စစ်ရဟတ်ယာဉ်အား ပစ်ချမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ယူပီအိုင်။**

# ဇိမ်ခံစံအိမ်ဝယ်ယူခြင်းအတွက် မက္ကဆီကို ဘဏ္ဍာရေးဝန်ကြီး ဖြေရှင်းချက်ပေး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၄**

မက္ကဆီကို ဘဏ္ဍာရေးဝန်ကြီး လူးဝစ်ဗိုင်ဒဲဂါရေးသည် ၎င်း၏ ဇိမ်ခံစံအိမ်တော်တစ်လုံး ဝယ်ယူခဲ့ခြင်းကို နိုင်ငံတော်ပိုင် ရုပ်မြင်သံကြားလိုင်းနှင့် ရေဒီယိုတို့မှတစ်ဆင့် ခုခံကာကွယ်ပြောကြားခဲ့ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

၎င်းသည် အဆိုပါစံအိမ်ကို ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုထံမှ ဝယ်ယူခဲ့ကြောင်း၊ ထိုကုမ္ပဏီ၏မိခင်ကုမ္ပဏီသည် အစိုးရကန်ထရိုက်လုပ်ငန်းအများအပြားကို ရရှိခဲ့ကြောင်း "ဝေါစထရိဂျာနယ်"က သတင်းဖော်ပြပြီးနောက် ယင်းကဲ့သို့ မီဒီယာများကို အသုံးပြုတုံ့ပြန် လာခြင်းဖြစ်သည်။

မစ္စတာဗိုင်ဒဲဂါရေးကို ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များ ပြုလုပ်ထားသည်ဟု စွပ်စွဲထားခြင်းမရှိပေ။ သို့ဖြစ်ရာ ၎င်းက စံအိမ်တော်ကို ပြန်လည်ရောင်းချခြင်း ပြုလုပ်မည်မဟုတ်သကဲ့သို့ ဝန်ကြီးရာထူးမှလည်း ဆင်းပေးမည်မဟုတ်ပါဟု ပြောကြားသည်။

သမ္မတအင်းရစ်ပီနာနီအီတို ပါဝင်ပတ်သက်သည့် အလားတူပြဿနာပေါ် ပေါက်ခဲ့ပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ ဘဏ္ဍာရေးဝန်ကြီး ပြဿနာပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်လ၌ သမ္မတကြီး၏ဇနီးမှာ မစ္စတာဗိုင်ဒဲဂါရေးဝယ်ခဲ့သော ကုမ္ပဏီမှပင် သူဝယ်ခဲ့သော စံအိမ်တော်ကို ဒေါ်လာခုနစ်သန်းဖြင့် ရောင်းချရန် ဖိအားပေးခြင်းခံခဲ့ရသည်။ သူ၏ဝင်ငွေရရှိရာ အရင်းအမြစ်တို့ကိုလည်း ရုပ်မြင်သံကြားမှနေ၍ ပြည်သူများသို့ ရှင်းလင်းပြောကြားခဲ့ရသည်။

မစ္စတာဗိုင်ဒဲဂါရေးသည် မက္ကဆီကိုပြည်နယ် အလယ်ပိုင်း မာလီနာကိုရှိ ဇိမ်ခံစံအိမ်တော်ကြီးကို "ဘိုင်းနီး(စ်)ရိုက်ဖက် အာအင်န်အိတ်ချ်" ကုမ္ပဏီမှ ဝယ်ယူခဲ့သည်ဟု ပိုင်ဆိုင်မှုစာရင်းမှတ်တမ်းတွင် တွေ့ရကြောင်း "ဝေါစထရိဂျာနယ်"က ပြောသည်။

သမ္မတပီနာနီအီတို အာဏာရှိစဉ်က အဆိုပါဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဂွမ်အာမန်ဒိုဟီနိုဂျိုဆာပိုင်သော အခြားကုမ္ပဏီများသည် ဒေါ်လာသန်း ရာပေါင်းများစွာ တန်ဖိုးရှိသော အစိုးရကန်ထရိုက်လုပ်ငန်းများကို ရရှိခဲ့သည်ဟု သတင်းစာက ရေးသည်။

ရေဒီယိုတွေ့ဆုံမေးမြန်းမှုတစ်ခုတွင် မစ္စတာဗိုင်ဒဲဂါရေးက ၎င်းသည် ဤစံအိမ်ကို ရိုးရိုးသားသားဖြင့် တရားဝင်ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ အရောင်းအဝယ်လုပ်ငန်းမှာ ၎င်းဘဏ္ဍာရေးဝန်ကြီးမဖြစ်မီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျာနယ်က စာဖြင့်ရေးသားမေးမြန်းခြင်းကို ဖြေကြားရာတွင် ဤကိစ္စရပ်သည် မည်သူ့အကျိုးစီးပွားကိုမျှ မထိခိုက်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးမဖြစ်မီက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးကွက်၏စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

သို့သော် ဘီဘီစီသတင်းထောက်က အစိုးရနှင့် မစ္စတာဗိုင်ဒဲဂါရေးတို့အတွက် ကသိကအောက်ဖြစ်စေသော မေးခွန်းများရှိနေပါသည်ဟု ပြောသည်။

ထိုမေးခွန်းများအနက် တစ်ခုမှာ ခိုင်မာသော မက္ကဆီကိုဘဏ္ဍာရေးအဖွဲ့အစည်းများကို ကျော်လွန်၍ ဂွမ်အာမန်ဒိုဟီနိုဂျိုဆာပိုင်သော အပေါင်ပစ္စည်းဖြင့် ငွေချေးစားသည့် သာမန်ငွေချေးလုပ်ငန်းတစ်ခုမှ တစ်ဆင့် စံအိမ်တော်အတွက် အဘယ်ကြောင့် ငွေပေးချေရပါသနည်းဟူ၍ဖြစ်သည်ဟု ဆိုပါသည်။

**ဘီဘီစီ။**

# ကျေးလက်လူမှုဘဝ မြင့်တင်ကြကုန် ကိုရီးယား 'ဆမ်မားအူဒုံ'

■ uab



၂၀၁၄ ခုနှစ် သင်တန်းသားဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲ။ ဓာတ်ပုံ- ဓာဏီ(ကြေးမုံ)

လွန်ခဲ့သည့် ၁၈ နှစ်က ကိုရီးယားသတင်းဌာန (Korea Press Center) ၏ ဖိတ်ကြားချက်အရ တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က မြို့တော်ဆိုးလ်ရှိ ယွန်ဆေးတက္ကသိုလ်(Yonsei University) ၌ လူထုဆက်သွယ်ရေး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများ၏ ဉာဏ်သစ်လောင်းနှီးနှောဖလှယ်ပွဲများသို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး လေ့လာရေးခရီးစဉ် အများအပြားကိုလည်း အိမ်ရှင်များက စီစဉ်ပေးခဲ့ပါသည်။ ပညာလည်းရ ဗဟုသုတလည်းဖြစ်စေသည့် ခရီးစဉ်တစ်ခုအဖြစ် ကျွန်တော့်ဘဝတွင် ယနေ့တိုင် မေ့ပျောက်နိုင်ခြင်းမရှိပါ။

ကျွန်တော့်နှလုံးသားတွင် ပုံရိပ်ထင်ထင်ရှိခဲ့ရသည့် ကိုရီးယား အမှတ်တရများအနက် အမှတ်တရတစ်ခုမှာ တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း ဂျောင်ဆန်ဘွတ်ပြည်နယ်(Gyeongsanbuk-do) အန်ဒုံးမြို့(Andong) အနီးရှိ ဟာဟဲကျေးရွာ(Hahoe Village) သို့ အလည်အပတ်ရောက်ရှိခဲ့သည့် ခရီးစဉ်ဖြစ်ပါသည်။

ကိုရီးယားရိုးရာ ကျေးရွာတစ်ရွာဖြစ်သော ဟာဟဲကျေးရွာသည် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့ရှိသည့် ရှေးဟောင်းကျေးရွာတစ်ရွာဖြစ်ပါသည်။

ကိုရီးယားရိုးရာ စားသောက်ဖွယ်ရာများတွင် ထူးခြားအရေးပါသော ကင်ချီ(Kimchi) ချဉ်ဖတ်သိပ်သည့် စဉ့်အိုးများကို ကျေးရွာနေအိမ်များ အနီးအပါးတွင် တွေ့မြင်ခဲ့ရပြီး ထင်ပေါ်ကျော်ကြား ရေပန်းစားလှသည့် ဆိုးဂျူ (Soju) ယမကာမှာလည်း ရိုးရာနည်းပညာဖြင့် ချက်လုပ်သည့် အရက်ဖြစ်ကာ ကမ္ဘာကျော် Vodka အရက်၏ အရသာနှင့် အလွန်ပင် နီးနီးစပ်စပ်တူညီသည်ဟု ပြောစမှတ်ပြုကြပါသည်။

ဆိုးဂျူကို 'နိ' (Neat) သောက်ရပါသည်။ (တစ်နည်း) ရေမရောဘဲ သောက်ရပါသည်။ ယနေ့ကာလတွင် ဆိုးဂျူယမကာကို ကမ္ဘာသို့ တင်ပို့ရောင်းချပါသည်။ ဟာဟဲကျေးရွာ၏ နယ်နိမိတ်ကို သတ်မှတ်ပေးသည့် အရာမှာ ကျန်ဆွန်(Jangseung) ရုပ်တုများဖြစ်ပါသည်။ သစ်သားတိုင်များကို ထုဆစ်ကာ ကျေးရွာစောင့် ရိုးရာနတ်ရုပ်များအဖြစ် အလေးအမြတ် ပြုကြပါသည်။

ကိုရီးယားရိုးရာ ယဉ်ကျေးမှုတွင် အထင်ကရပြယုဂ်တစ်ခုအဖြစ် သစ်သားဖြင့် ပြုလုပ်အပ်သော ဟာဟဲမျက်နှာဖုံး(Hahoe Mask) ကိုလည်း ယနေ့တိုင် ကျွန်တော်မမေ့နိုင်ပါ။ ယင်းမျက်နှာဖုံးကို ကိုရီးယားလူမျိုးတို့က ဟာဟဲတယ်(Hahoetal) ဟု ခေါ်ပါသည်။ သွေးကြီးမောက်မာသော မင်းမျိုးစိုးနွယ်ပုံ၊ ဇာချဲ့တတ်သည့် ပညာရှိပုံ၊ ကာလသားများနှင့် ပရောပရည်လုပ်သူ (မျက်နှာများသူ) လုံမငယ်ပုံ စသည်ဖြင့် မျက်နှာပုံပန်းအမူအရာအမျိုးမျိုးဖြင့် သရုပ်ဖော်ထားသော ချစ်စရာကောင်းသည့် မျက်နှာဖုံးများဖြစ်ပါသည်။

ကျွန်တော်သည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ရာတွင် ဟာဟဲတယ်မျက်နှာဖုံးကို လက်ဆောင်အဖြစ် ရရှိလိုက်ရာ မကြုံစဖူး ထူးထူးကဲကဲ ပီတိသောမနဿ ဖြစ်မိပါသည်။

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ကွေကာ)၏ ဖိတ်ကြားချက်အရ တောင်ကိုရီးယားနိုင်ငံ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးလုပ်ငန်းကို လေ့လာရန် သတင်းသမားတစ်ဦးအဖြစ် ကျွန်တော်ရောက်ရှိခဲ့ပြီး ဌာနေပြန်ခါနီး ကိုရီးယားပတ်ဝန်းကျင်ကော်ပိုရေးရှင်း(Keco) အရာရှိများက ဂုဏ်ပြုနေ့လယ်စာစားပွဲအဖြစ် အင်ချွန်းမြို့ရှိ ကိုရီးယားရိုးရာစားသောက်ဆိုင်တစ်ဆိုင်တွင် တည်ခင်းဧည့်ခံရာတွင် ဟာဟဲတယ်မျက်နှာဖုံးအရုပ်ကို လက်ဆောင်ရခြင်းဖြစ်ပါသည်။

ဟာဟဲတယ်မျက်နှာဖုံးအရုပ် လက်ဆောင်ရရှိအပြီး ရက် ၂၀ အကြာတွင် ရန်ကုန်မြို့ရှိ ကွေကာရုံး (KOICA) ၏ ဌာနေကိုယ်စားလှယ်ချုပ် Mr. Nam Kwon-Hyoung အား လူတွေ့မေးမြန်းခွင့် ရရှိခဲ့ပါသည်။ ကွေကာ၏ ၂၀၁၄ ခုနှစ် သင်တန်းသားဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိ Summit Park View ဟိုတယ်၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့ရာတွင် မစ္စတာနမ်ကွမ်ဟွမ်အား တွေ့ဆုံခွင့်ရခဲ့ပါသည်။

ဟာဟဲရိုးရာကျေးရွာကို မေ့ပျောက်နိုင်ခြင်း မရှိသူကျွန်တော့်အတွက် "မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ကွေကာမည်သို့ ကူညီနေသနည်း" ဟု မေးမြန်းခဲ့ပါသည်။

မစ္စတာနမ်ကွမ်ဟွမ်က "ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် နိုင်ငံတော်အစိုးရက မဟာဗျူဟာအစီအစဉ်တွေ ရေးဆွဲချမှတ်ဆောင်ရွက်နေချိန်မှာ ကွေကာက ကျေးရွာသစ် စီမံကိန်း (၂၀၁၅-၁၉) အကောင်အထည်ဖော်နိုင်ဖို့ အကူအညီပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျေးရွာသစ် ၁၀၀ ထူထောင်သွားမှာပါ။




တောင်ကိုရီးယားနိုင်ငံမှာ 'ဆမ်မားအူဒုံ' (Saemaul Undong) ဖွံ့ဖြိုးမှုပုံစံက အောင်မြင်ခဲ့ပြီး ကျွန်တော်တို့ရဲ့ အတွေ့အကြုံကို မျှဝေပေးလိုပါတယ်။

ကွေကာက အကူအညီပေးမယ့် ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ရေးနဲ့ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute) တည်ထောင်ရေး စီမံကိန်းတွေအတွက် ကူညီသွားမှာဖြစ်ပါတယ်။

မစ္စတာနမ် ပြောကြားသလို 'ဆမ်မားအူဒုံ' သည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု ပုံစံတစ်ရပ်အဖြစ် ကုလသမဂ္ဂက အသိအမှတ်ပြုထားပြီးဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်များက တောင်ကိုရီးယားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး မူဝါဒများအပေါ် သန္ဓေတည်ကာ ကျေးရွာသစ်စီမံကိန်း ရုပ်လုံးပေါ်လာခဲ့ပါပြီ။

လူတွေ့မေးမြန်းခန်းတွင် မစ္စတာနမ်က မြန်မာနိုင်ငံအား အကူအညီပေးရေးနှင့် ကွေကာက အာရုံစိုက်သည့် နယ်ပယ်ကဏ္ဍရပ်များနှင့် ပတ်သက်၍ ခရေစေ့တွင်းကျ ရှင်းပြခဲ့ပါသည်။

"ကျွန်တော်တို့အနေနဲ့ ၁၉၉၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရာမှာ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့တယ်။ ကွေကာ အစီအစဉ်တွေကို ဆောင်ရွက်ရာမှာ စီးပွားရေးနဲ့ လူမှုရေး ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံအုပ်ချုပ်မှု ယန္တရားနဲ့ အခြေခံအဆောက်အအုံကဏ္ဍတွေ တိုးတက်ရေးအတွက် အဓိကထားပါတယ်" ဟု သူက ဆိုသည်။

အကြောင်းတရားအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်ခဲ့သော်လည်း မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ အထူးကောင်းမွန်နေပုံကို ၎င်းက ရှင်းပြခဲ့ပြီး သဘာဝအရင်းအမြစ်ပေါကြွယ်ပုံကို ဧရာဝတီမြစ်ကြီးအား သက်သေတည်၍ ရှင်းပြခဲ့ပါသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သူ၏အမြင်ကို သိခွင့်ရခဲ့သလို ကျေးရွာသစ်စီမံကိန်းအတွက် သူ၏ မျှော်လင့်ချက်ကိုလည်း ထုတ်ဖော်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပညာရေး အရေးကြီးပုံအထိ သူကညွှန်းဆိုသည်။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းပေါ်ထွန်းလာပြီးနောက် နှစ်နိုင်ငံ သုတေသီများ ပူးတွဲလေ့လာကြမည့် အနေအထားကို မစ္စတာနမ်က ရှင်းလင်းပြောကြားခဲ့ပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၁၂-၂၀၁၄ (တနင်္လာနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၄၅ | မှတ်တမ်း |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၁၀ | ရှေးဟောင်းသုတ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၅ | တစ်ပတ်အတွင်း မွေးမြူရေးသတင်း |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်း တော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၁၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မာရီမာ (အပိုင်း-၈၇) |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြမ္မာခါးခါး (အပိုင်း-၁၈) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်ရိုပ်ဆူး (အပိုင်း-၄၂) |
| - | ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် |
| - | မေးမြန်းစူးစမ်း |
| - | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း (ဘဝအားမာန်) (အပိုင်း-၃၁) |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS System တွင် အသုံးပြုမည့် Hardware ပစ္စည်းများနှင့် Installation များ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၄ရက်မှ ၂၃-၁၂-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာများ နောက်ဆုံးလက်ခံမည့်ရက်စွဲ/အချိန် - ၂၄-၁၂-၂၀၁၄ရက်၊ ၁၆း၃၀နာရီ

(ခ) တင်ဒါဖွင့်ဖောက်မည့်ရက်စွဲ/အချိန် - ၂၈-၁၂-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၁၅-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၂)ရှိ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန**















# တက္ကသိုလ်မှာ ဝေသည့်နှင်း

ခင်မောင်ဌေး(ပညာရေး)

“ကျောင်းဖွင့်ချိန် ××× စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ ××× ကံ့ကော်ပန်းတွေနဲ့အတူ ××× ကိုယ်တို့ရှိရာမြေ ××× တက္ကသိုလ်သို့မဟုတ် မြကျွန်းသာအင်းလျားကန်ပြင်မြေ ×××”

တစ်ချိန်က ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှတွင် အထင်ကရ ရှိခဲ့သော တက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် အထင်ကရ များစွာရှိ၏။ တခုတ်တရပြောဆိုသိမှတ်ကြသည်မှာ အဓိပတိလမ်းနှင့် ကံ့ကော်တန်း၊ သစ်ပုပ်ပင်နှင့် RC(Recreation Center)အထူးသဖြင့် အဓိပတိလမ်းထိပ်တွင် ဝင့်ထည်လျက်ရှိသည့် ဘွဲ့နှင်းသဘင်ခန်းမ။ အင်းလျားကန်ဘောင်နှင့် ဘူးသီးကြော်ဆိုင်တို့ကလည်း အထင်ကရ။

ယင်းဘူးသီးကြော်ဆိုင်ပင် သမိုင်းဝင်ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်က ဘူးသီးကြော်ဆိုင်လင်မယားကိုကြည့်၍ စိတ်မသက်မသာဖြစ်ခဲ့ဖူး၏။ အကြောင်းမှာ ဆောင်းရာသီဖြစ်သော်လည်း အဝတ်အစားမပြည့်စုံဘဲ ဝမ်းရေးရှာနေရသည့် လင်မယားကို ဗိုလ်ချုပ်က မိမိ၏ကုတ်အင်္ကျီကိုချွတ်၍ ပေးခဲ့ဖူး၏။

တက္ကသိုလ်နှင့်ပတ်သက်၍ သီချင်းများစွာဖွဲ့ဆိုခဲ့ဖူး၏။ အထက်ဖော်ပြပါ သီချင်းမှာ တစ်ပုဒ်အပါအဝင်ဖြစ်၏။ ယခုကဲ့သို့သော ဒီဇင်ဘာကျောင်းဖွင့်ချိန်မျိုးကို ညွှန်းဆိုထားခြင်းဖြစ်၏။ မြကျွန်းညိုညိုတက္ကသိုလ်(ဝါ)တက္ကသီလာ မြကျွန်းသာတွင် ကွန်းခိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများသည် မြန်မာ့နိုင်ငံရေးတွင် ရှေ့တန်းကပါဝင်ခဲ့ကြသူများအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသူများဖြစ်ပါသည်။

ဂုဏ်ကျက်သရေအပေါင်းပြည့်လျှမ်းခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ခေတ်စနစ်ဆိုးတို့အောက်တွင် ရာစုနှစ်များစွာ တိမ်မြုပ်ခဲ့ရသည်။ အစဉ်အလာကောင်းများ ညှိုးနွမ်းခဲ့ရသည်။ သမိုင်းတန်ဖိုးလျော့ကျခဲ့ရ၏။

ဤသို့သောအခြေအနေများမှ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်သို့ ချီတက်ရာတွင် ပြုပြင်ပြောင်းလဲရေးလှိုင်းများအတွင်း ရန်ကုန်တက္ကသိုလ်သည်လည်း ပါဝင်ခဲ့၏။ အကြီးစားပြင်ဆင်မှုများထဲတွင် တက္ကသိုလ်နယ်မြေရှိ အဆောင်များလည်းပါဝင်ခဲ့သည်။ ထို့အတူ အထူးပြုဘာသာရပ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာမည့် အစီအစဉ်များလည်း ချမှတ်နိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်အတွင်း ပညာသင်ခွင့်ရရှိသူများမှာ သာမန်အဆင့်မဟုတ်ပေ။ အမှတ်မြင့်သူများဖြစ်၏။ အချို့အမှတ်ပေါင်း ၅၀၀ ကျော်သည်ကိုပင် အထူးပြုဘာသာရပ်များလာ၍ တက်ရောက်နေသည်ကိုလည်း တွေ့ရ၏။ အဓိကဘာသာရပ်ကြီး ၁၂ ခုရှိပါသည်။ ဘာသာရပ်တစ်ခုလျှင် အများဆုံး ကျောင်းသား ကျောင်းသူ ၅၀ လက်ခံသင်ကြားပေးမည်ဖြစ်၏။ အထူးပြုသင်ကြားပေးခြင်းဖြစ်၍ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာပြီး အနာဂတ်ပညာရေးအဆင့်အတန်းကို ဖော်ဆောင်ပေးနိုင်မည့်သူများဖြစ်သည်။

ယခုအခါ အားရဖွယ်ကောင်းသည်မှာ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပညာသင်ဆုများ ဖော်ဆောင်လာပြီဖြစ်၏။ ရန်ကုန်တက္ကသိုလ်အနေဖြင့် အာဆီယံပညာသင်ဆုကို ယခင်က ဆရာများကိုသာပေးခဲ့သော်လည်း ယခုအခါ ကျောင်းသားများကိုပညာတော်သင်ဆုပေးပြီး အာဆီယံ ၁၀ နိုင်ငံတွင် ကိုးဆုမှာ ရန်ကုန်တက္ကသိုလ်ကပေးခြင်းဖြစ်သည်။ ထို့ကြောင့် ပါရဂူဘွဲ့ ခြောက်ဦးဆုနှင့် မဟာသိပ္ပံရတစ်ဦး၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား ခုနစ်ဦး ရယူနေကြောင်း သိရပါသည်။ နှစ်စဉ်ပေါ်ထွက်လာမည့် မျိုးဆက်သစ်ပညာတတ်များအတွက် အားရစရာဖြစ်၏။

ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း ပြင်ဆင်မွမ်းမံပြီး အဆောင်များတိုး၍ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၏။ စင်စစ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အရွယ်သည် မိဘအုပ်ထိန်းမှုအောက်မှ ကျောင်းအဖွဲ့အစည်းအတွင်း စတင်နေထိုင်ရသူများဖြစ်ရာ သီးသန့်အဆောင်များတွင် နေထိုင်ရခြင်းဖြင့် လူမှုဆက်ဆံရေး၊ ပူးပေါင်းနေထိုင်တတ်၊ လှုပ်ရှားတတ်သည့် အလေ့အထကောင်းများ ရရှိနိုင်မည်ဖြစ်၏။

အဆောင်များ ပြုပြင်မွမ်းမံထားမှုတွင် အဆောင်နေသူများအတွက် လိုအပ်သည့် Facilities များပြည့်စုံစွာ ပြင်ဆင်ဖြည့်ဆည်းထားမှု၊ ရေ၊ မီး အဆင်ပြေမှု၊ ဈေးနှုန်းသက်သာစွာဖြင့် အဆောင်တွင် ထမင်း၊ ဟင်းစီစဉ်ပေးမှု (တစ်နပ်စာ ၅၀၀ ကျပ်နှုန်းဖြင့်)အပြင် တက္ကသိုလ်ဆေးရုံအား ပြင်ဆင်မှုများ ပြုလုပ်နေသည်ကိုလည်း ကြားသိရ၏။

တက္ကသိုလ်ဆိုသည်မှာ မြို့ကလေးတစ်မြို့ကဲ့သို့ပင်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်စာတိုက်၊ တက္ကသိုလ်ဆေးရုံ၊ တက္ကသိုလ်ဓမ္မာရုံ၊ အားကစားရုံနှင့် တက္ကသိုလ်စာကြည့်တိုက် စသဖြင့် စုံလင်လှပါသည်။ အင်တာနက် wifi များကိုလည်း အခမဲ့သုံးစွဲနိုင်ပြီဖြစ်၏။ လူမှုကွန်ရက်အသုံးပြုမှု သက်သက်သာမဖြစ်စေသင့်ဘဲ မိမိတို့၏ ပညာရည်တိုးတက်မြင့်မားရေးအတွက် သင်ကြားမှုသင်ယူမှုဖြစ်စဉ်များတွင် ထဲထဲဝင်ဝင်အသုံးချနိုင်ဖို့လိုပါသည်။

အဆောင်နေကျောင်းသား ကျောင်းသူဘဝသည် လွတ်လပ်ပါသည်။ လွတ်လပ်မှုကို နှစ်သက်ကြသူများပီပီ လွတ်လပ်ခြင်းကို တန်ဖိုးရှိစွာအသုံးချတတ်ရမည်ဖြစ်၏။ စာရေးသူ၏ဘဝတွင် ပညာရေးတက္ကသိုလ် (B.Ed) တွင် အဆောင်နေ အဆောင်စားဖြင့်တက်ခဲ့ရသည့်ဘဝကို တစ်သက်မမေ့နိုင်။ ရေ၊ မီးပြည့်စုံသည်။ အချိန်မှန်စားသောက်ရသည်။ ညပိုင်းတွင် TV ကြည့်ရသည်။ (ထိုအချိန်က TV ပေါ်ခါစဖြစ်သည်)။ စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် ဘော်လီဘော၊ ဘောလုံး၊ ပင်ပေါင် မိမိဝါသနာပါရာ ကစားနိုင်ပါသည်။ အဆောင်တွင်လည်း အဆောင်မှူး၊ ဟောကျူတာများရှိ၏။ ဆရာအတတ်သင်ကောလိပ်၊ တက္ကသိုလ်ပေါင်းစုံ ဘက်စုံထူးချွန်ပြိုင်ပွဲများလည်း ကျင်းပပေး၏။

ယခုအခါ ကျောင်းသား ကျောင်းသူများ မျှော်လင့်ထားသည့်အတိုင်း အဆောင်နေကျောင်းသူများဘဝဖြင့် တက္ကသိုလ်ပညာရေးကို ပျော်ရွှင်စွာ ဆက်လက်ဆည်းပူးနိုင်ကြပြီဖြစ်၏။ ပြီးခဲ့သည့်နှစ်တွင် လူသိနည်းသည်က တစ်ကြောင်း၊ အကျိုးအကြောင်း ကောင်းစွာမသိသေး၍ အချို့ဘာသာရပ်များတွင် ကျောင်းသား ကျောင်းသူဦးရေအားဖြင့် နည်းခဲ့သော်လည်း ယခုဒီဇင်ဘာကျောင်းဖွင့်ရက်တွင်မူ ပို၍လူသိများလာခြင်း၊ ပြီးပြည့်စုံသော အခြေအနေကောင်းများကြောင့် အမှတ်များသူများပင် တက်ရောက်သင်ကြားနေလေပြီ။ ရူပဗေဒဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်တက်ချင်လျှင် အမှတ်ပေါင်း ၄၉၀ ရ၍၊ ရူပဗေဒအမှတ် ၉၀ ကျော်ရမည်။ ဤသို့ဆိုလျှင် ဂုဏ်ထူးတန်းလက်ခံပါသည်။ Master ရှိသည်။ Ph.D ရှိသည်။ အားလုံးပင်ဝင်ခွင့်စာမေးပွဲနှင့် လက်ခံမည်ဖြစ်၍ ယခုအခါ အာဆီယံ University Network ၏ အဖွဲ့ဝင်တက္ကသိုလ်တစ်ခုဖြစ်ကြောင်းလည်း သိရ၏။

ယခုအခါ ကျောင်းသားမိဘများပင် သဘောပေါက်လာကြပြီဖြစ်၏။ မိမိတို့၏ သားသမီးများအား ရန်ကုန်တက္ကသိုလ်တွင် ဘာသာရပ်တစ်ခုခုဖြင့် တက်ရောက်ခွင့်ရရှိနိုင်ရန် တိုက်တွန်းမှုများ၊ အားပေးမှုများရှိလာသည်ကို တွေ့ရ၏။ အတန်သင့်ဉာဏ်ရည်ရှိသူများပင် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားနိုင်ရေး စိတ်ဓာတ်အားမာန်အပြည့်ဖြင့် စွမ်းအားမြင့်ကြိုးစားနေကြကြောင်းလည်း သိရသည်။

အချုပ်ဆိုရလျှင် ရန်ကုန်တက္ကသိုလ်သည် ကျောင်းသား ကျောင်းသူများအတွက် “ရေကန်အသင့်ကြာအတင့်” ဆိုသကဲ့သို့ တက္ကသိုလ်အဆင့်မြင့် ဘာသာရပ်များ ဆက်လက်ဆည်းပူးနိုင်ရန် အောင်မြေအဖြစ်ပြန်လည်ပေါ်ထွန်းလာနိုင်ပြီဖြစ်၏။ တစ်ချိန်က အရှေ့တောင်အာရှတွင် ထွန်းလင်းခဲ့သည့် ဂုဏ်ရောင်များကို ပြန်လည်ထွန်းတောက်စေရမည်ဖြစ်၏။ တက္ကသိုလ်မောင်မယ်များအနေဖြင့် ပညာရေးတွင်အထူးဝါယမစိုက်ထုတ် လေ့လာဆည်းပူးကြရန်သာလိုတော့သည်။ ကြိုးစားလျှင်ကြိုးစားသလောက် ပညာသင်ဆုများ ပေါ်ထွက်လာပြီဖြစ်၏။ နိုင်ငံတကာတက္ကသိုလ်များနှင့် MoU လက်မှတ်ထိုးထားပြီးဖြစ်၏။ ဂျပန်တက္ကသိုလ်၊ နော်ဝေအပါအဝင် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုများသည် တက္ကသိုလ်မောင်မယ်တို့အတွက် အားကျဖွယ်ပင်ဖြစ်၏။

ရန်ကုန်တက္ကသိုလ်သည် အစဉ်အလာအားဖြင့် ကြီးမားလှပါသည်။ နိုင်ငံ့ခေါင်းဆောင်များ၊ ပညာတတ်များပေါ်ထွက်ခဲ့ရာ ဘူမိနက်သန်ဖြစ်ပါသည်။ မျိုးဆက်သစ်မောင်မယ်တို့အနေဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းကြရမည်။ စည်းကမ်းရှိအဆောင်နေသူများအနေဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဂုဏ်ကိုလည်းကောင်း စောင့်ထိန်းမြှင့်တင်ကြရမည်ဖြစ်၏။ ခေတ်မီတိုးတက်သည့် ပညာရေးဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အင်အားစုတစ်ရပ်အဖြစ် ပေါ်ထွန်းလာရမည်ဖြစ်၏။

ရန်ကုန်တက္ကသိုလ်တွင်းတွင် ရေတမာနှင့် ခရေပန်းရနံ့တို့က သင်းပျံ့နေ၏။ ကျောင်းဖွင့်ချိန် ဒီဇင်ဘာနံနက်ခင်းကား နှင်းမှုန်ကလေးများဝေ့ဝဲနေ၏။ ရုံဖန်ရံခါ ပင်ယံထက်မှနွေအကြို ဥဩငှက်၏လွမ်းမောဖွယ် ဥဩတွန်သံကို ကြားရတတ်၏။ နှင်းကလည်းဝေစ။ ခရေပန်းအဖူးအငုံကလေးများကလည်း ဝင့်ကြွားစ။ မွှေးပျံ့စ။ ဖြူဖျော့ဖျော့ ခရေပန်းကလေးများနှင့် နှင်းပွင့်လေးများကား ရောထွေးလျက်။ “တက္ကသိုလ်မှာဝေသည့်နှင်းကား နှင်းကလေးတွေမှ ဟုတ်ပါလေစ” သီချင်းသံစဉ်ကိုပင် ကြားယောင်မိသလို။ စင်စစ်တက္ကသိုလ်တွင် ဝေသည့်နှင်းကား အရှက်ဦးတွင်ထွန်းလင်းတောက်ပလာမည့် “ငွေကြယ်ပွင့်များ”အသွင် တွေးထင်ခံစားနေမိတော့သည်။ ။

# စီမံခန့်ခွဲရေးဝန်ထမ်း မွမ်းမံသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၁၄**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့တွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးနှင ဓာတ်အားခွဲရုံတို့မှ ဝန်ထမ်းများအား စီမံခန့်ခွဲရေးဝန်ထမ်းမွမ်းမံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက်က ပြည်မြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံခန့်ခွဲရေးဝန်ထမ်းမွမ်းမံသင်တန်းတွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးရဲမြင့်က တာဝန်သိမှု တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှု သဘောတရားများနှင့် ဒုတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးသန်းတင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ပြည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦးက ခေါင်းဆောင်မှု အတတ်ပညာ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ဦးစီးအရာရှိ(စီမံ) ဦးထွန်းထွန်းဝင်းက ရုံးစာရေးသားနည်းများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ဓာတ်အားခွဲရုံတို့မှ လျှပ်စစ်အင်ဂျင်နီယာများ၊ ဦးစီးအရာရှိများ၊ တာဝန်ခံများ၊ ဝန်ထမ်းများတက်ရောက်ကြသည်။ သင်တန်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံတို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

(၄၉၇)

**စာပေမြင့်မှ လူမျိုးတင့်မည်**

(12-12-2014) ရက်နေ့မှစ၍ Junction Cineplex တွင် စတင်ပြသမည့် ဇာတ်ကားများ

Junction Cineplex (Square) & (Maw Tin)
01 527055, 09 2544 24544,01 225 244

Junction Cineplex (Square) & (Maw Tin)
01 527055, 09 2544 24544. 01 225 244

Junction Cineplex Nay Pyi Taw
067 421 615








Asia Top 0943164118,09421099574,0933377844
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ(၃ညအိပ်/၄ရက်) ဆက်၍-ပြင်ဦးလွင်
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဖမ်း Guest Package 65000
ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Guest Package 60000
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) Guest Package 35000 ကားစီးလုံးငှားစီစဉ်ပေးသည်



ပြည်တွင်းရေးရာ

# စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၁၀ ရက်တွင် မန္တလေးမြို့ မိဘမဲ့ကလေးပြုစုရေးဌာနနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ဇေလိမ်မိဘမဲ့ဂေဟာ၊ ရှမ်းမိဘမဲ့ဂေဟာနှင့် လားရှိုးလူငယ်သင်တန်းကျောင်းများသို့ သွားရောက်၍ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဒီဇင်ဘာ ၁၁ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ မိုးမိတ်၊ တာချီလိတ်၊ ကျိုင်းတုံနှင့် မိုင်းဆတ်ခရိုင်များရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များနည်းပြသင်တန်း (၂၁/၂၀၁၄)ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းဖြစ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လူငယ်သင်တန်းများ ဖွင့်လှစ်နေခြင်းသည် လူငယ်များအတွက် ရင်းနှီးမြှုပ်နှံနေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းစာလူက လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိုင်းရယ်မြို့နယ် ဟိုရလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၆၁ ဒသမ ၃၂ သိန်း၊ လားရှိုးမြို့နယ်ရှိ ကက်သလစ် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၅၂ ဒသမ ၈ သိန်း၊ မေတ္တာရင်ခွင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၁ ဒသမ ၄ သိန်း၊ ဆင်းရှွေလီဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၆ ဒသမ ၇၉ သိန်း၊ ရှမ်းမိဘမဲ့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၅ ဒသမ ၉ သိန်း၊ ဇေလိမ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၂ ဒသမ ၆ သိန်း၊ ကွမ်းလုံမြို့နယ် တောင်တန်းသာသနာပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၆ ဒသမ ၅ သိန်း၊ လားရှိုးခရိုင်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၆ ကျောင်းအတွက် ငွေကျပ် ၉၆ သိန်း၊ နမ့်ခမ်းမြို့နယ်ရှိ လွယ်ဟွမ်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၇၇ ဒသမ ၆၇ သိန်းနှင့် ပန်ရှပ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၃၆ ဒသမ ၅ သိန်း၊ မူဆယ်ခရိုင်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသုံးကျောင်းအတွက် ငွေကျပ် ၁၈ သိန်း၊ နောင်ချိုမြို့နယ် ဟော်တော်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၅၁ ဒသမ ၁ သိန်း၊ ကျောက်မဲခရိုင်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခုနစ်ကျောင်းအတွက် ငွေကျပ် ၄၂ သိန်း၊ မိုးမိတ်ခရိုင်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ တာချီလိတ်မြို့နယ်ရှိ ရွှေတောင်တန်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၇၃ ဒသမ ၇၃ သိန်း၊ အောင်မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၈ ဒသမ ၉၁ သိန်း၊ တာချီလိတ်ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၃ ဒသမ ၈၇ သိန်းနှင့် ပြည့်စုံသက်တာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၂ သိန်း၊ တာချီလိတ်ခရိုင်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၇ ကျောင်းအတွက် ငွေကျပ် ၁၀၂ သိန်း၊ မိုင်းဆတ်မြို့နယ် မဟာမြတ်မုနိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၂၅ ဒသမ ၅ သိန်း၊ ကျိုင်းတုံမြို့နယ် ကျိုင်းတုံဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၄ ဒသမ ၈ သိန်း၊ ကျိုင်းတုံခရိုင်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၈၆၇ ဒသမ ၃၉ သိန်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် မူကြိုကျောင်းအမှတ် (၁)၌ ကျေးရွာ ၁၄ ရွာမှ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်း လူငယ် ၆၀ နှင့် မန်ဆူဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ ၁၂ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ၆၀ တို့အား နည်းပြသင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်မဲမြို့ မူကြိုကျောင်းအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။



### ❖ မြောက်ပိုင်းလမ်းမှ

ဇုန်တွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်စည်ပြပွဲအသွားခရီးတွင် ဒီသီချင်းလေးကို ကျွန်တော်သတိရနေမိသည်။ တစ်ချိန်တုန်းက ဒရိုင်ဘာများ၏ ခံစားချက်နှင့်ထပ်တူကျ လိုက်ဖက်လွန်းသည့်အတွက် လူတိုင်းနှုတ်ဖျားရေပန်းစားခဲ့သလို ယနေ့တိုင်အောင်မရိုးနိုင်သေးသည့် သီချင်းတစ်ပုဒ်ဖြစ်သည်။ သို့သော်သီချင်းစာသားများထဲက အဖြစ်အပျက်အခြေအနေများသည် သမိုင်းမှတ်တမ်းတစ်ခုအနေဖြင့်သာ ကျန်ရစ်ခဲ့ပေပြီ။

မြောက်ပိုင်းလမ်းသည် သီချင်းထဲကလို လမ်းတွေကဆိုးဆိုး ချိုင့်တွေကပေါ မဟုတ်တော့ပါ။ လမ်းများသည် ညီညာပြန့်ပြူးစွာဖြင့် တောင်ကုန်းများကို ကွေ့ဝိုက်၍တစ်သွယ် မြေပြန့်လိုအနေအထားမျိုးတွင် ဖြောင့်ဖြူးစွာဖြင့်တစ်ဖုံ သက်သောင့်သက်သာသွားလာနိုင်ပေပြီ။ ကုန်စည်များတင်ဆောင်ကာမောင်းနှင်နေသည့် ကုန်တင်ကားများမှာလည်း အရင်ကလို ဆယ်ဘီးကား၊ ဆယ့်နှစ်ဘီးကားများမှာမရှိသလောက်ရှားပါးသွားပြီး ယခုအခါ နှစ်ဆယ့်နှစ်ဘီးကားကြီးများက မြောက်ပိုင်းလမ်းတွင် ကြွားကြွားဝင့်ဝင့် မောင်းနှင်လျက်ရှိသည်။ မန္တလေး-မူဆယ်ကို နေ့ချင်းအရောက်မောင်းနှင်နိုင်သလို လမ်းခရီးတွင် အက်ဖ်အမ်ရေဒီယိုဖွင့်ကာ ကုန်စည်ဈေးနှုန်းသတင်း၊ ဈေးကွက်သတင်းများအပြင် ဖျော်ဖြေရေးအစီအစဉ်များမှ သီချင်းများနားထောင်ရင်း ဝါသနာပါလျှင် သီချင်းလေးညည်းကာ လေကလေးချွန်ပြီးမောင်းနှင်နိုင်ပြီဖြစ်သည့်အတွက် ဇောချွေးပြန်စရာမလိုတော့ပါ။ ပြင်ဦးလွင်မြို့အထွက်မှ မူဆယ်မြို့အထိ လမ်းဘေးဝဲ၊ယာ တစ်လျှောက်တွင် အလေ့ကျပေါက်နေသည့် နေကြာပန်းအရိုင်းပွင့်များကလည်း ဂန္ဓာမာပန်းခင်းများအလားထင်မှတ်စရာ။ ရေမြေတောတောင်များက စိမ်းစိမ်းစိုစိုဖြင့် သဘာဝပန်းချီကားတစ်ချပ်လို ဆွဲဆောင်မှုရှိလှသည်။

ကုန်စည်ပြပွဲတာဝန်ရှိသူများဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကျွန်တော်တို့သတင်းသမားများ စီးနင်းလိုက်ပါလာသည့်ကားသည် မန္တလေးမြို့မှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာလာပြီး ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန်းနီ၊ ကွတ်ခိုင်မြို့များနှင့် တောင်ပေါ်ဒေသ ရှမ်းရွာကလေးများကို တရိပ်ရိပ်ဖြတ်သန်းရင်း ည ၇ နာရီကျော်တွင် မူဆယ်မြို့သို့ ရောက်ရှိခဲ့ကြသည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာ-တရုတ်နယ်စပ် ကုန်စည်ပြပွဲအခမ်းအနားကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၃ရက်ထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကောင်းရှုရှီ၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် တယ်ဟုန်ပြည်နယ်ခွဲပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာကုံကျင်းကျိန်တို့ တက်ရောက်၍ အမှာစကားများပြောကြားကြသည်။ ဖွင့်ပွဲသို့ လူဦးရေ ၅၀၀၀ ခန့် တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နှစ်နိုင်ငံသက်ဆိုင်ရာ တာဝန်ရှိသူများသည် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ မူဆယ်-ရွှေလီစီးပွားရေးဇုန် ဖော်ဆောင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းနှင့်အညီ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေးအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIO) ၏ လုပ်ငန်းဆောင်ရွက်မှုများ ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ မြန်မာနိုင်ငံအား အကောက်ခွန်ကင်းလွတ်ခွင့်ပေးရေး၊ ၂၀၁၅ ခုနှစ် တရုတ်နိုင်ငံ၌ကျင်းပမည့် တတိယအကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်ပြသနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအစိုးရတို့ ၁၉၉၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် နယ်စပ်ဒေသများစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်အရ နယ်စပ်ကုန်စည်ပြပွဲနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ၂၀၀၁ ခုနှစ်မှစ၍ နှစ်စဉ်အလှည့်ကျကျင်းပလျက်ရှိသည်။ ကုန်စည်ပြပွဲကို နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်းတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်နိုင်စေရေး၊ ပြည်သူအချင်းချင်း ဆက်ဆံမှုပိုမိုရင်းနှီးစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

ကုန်စည်ပြပွဲပြုလုပ်ခြင်းသည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးကို အဓိကထားကျင်းပခြင်းဖြစ်ပြီး ကုန်စည်ပြပွဲများ၏ သဘောသဘာဝအရ ဈေးကွက်မြှင့်တင်မှုနှင့် အရောင်းမြှင့်တင်မှုတို့ပါ တစ်ပါတည်းအကျိုးဝင်လျက်ရှိသည်။ မူဆယ်နယ်စပ်ဒေသသည် တစ်ဖက်တွင် နယ်မြေအကျယ်အဝန်းအရရော လူသားအရင်းအမြစ်အရပါ ဈေးကွက်ဝယ်လိုအားရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန်အဝင်/အထွက်အများဆုံး ကုန်သွယ်ရေးဇုန်ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဧပြီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သည် စတင်ဖွင့်လှစ်စဉ်က တစ်နေ့လျှင် ကုန်တင်ကားကြီးပေါင်း အစီး ၂၀၀ ခန့်သာ ဖြတ်သန်းသွားလာခဲ့သော်လည်း ယခုအခါ သွင်းကုန်စစ်ဆေးရေးဂိတ်တွင် တစ်နေ့လျှင် ကုန်တင်ကားကြီးပေါင်း အစီးရေ ၃၅၀ နှင့် ၄၀၀ အကြား နေ့စဉ်ဖြတ်သန်းဝင်ရောက်လျက်ရှိပြီး ထွက်ကုန်စစ်ဆေးရေးဂိတ်တွင် ကုန်တင်ကားကြီးပေါင်း အစီးရေ ၉၀၀ ကျော် ၁၀၀၀ ပတ်ဝန်းကျင်ခန့် ဖြတ်ကျော်တင်ပို့လျက်ရှိသည်။ စစ်ဆေးရေးဂိတ်များတွင် စီတန်းထားသည့် ကားတန်းကြီးမှာ သုံးမိုင်လေးမိုင်ခန့်ရှိသည်။

တရုတ်နိုင်ငံဘက်မှ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ကားတာယာနှင့် အခြားယာဉ်အပိုပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ လူသုံးအိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စသည်ဖြင့် တင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ နှမ်း၊ ပြောင်း၊ ဖရဲသီးနှင့် အခြားသော သစ်သီးဝလံများ၊ လက်မှုပစ္စည်းများ၊ တိုင်းရင်းဆေးများ စသည်ဖြင့် တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ကုန်သွယ်မှုတန်ဖိုး နှစ်စဉ်တိုးတက်လျက်ရှိကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မူဆယ်- ကြယ်ဂေါင်- ရွှေလီစခန်းမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိရှိခဲ့သည်။

တရုတ်နိုင်ငံက ၎င်းတို့ဘက်ခြမ်းရှိ ကြယ်ဂေါင်၊ ရွှေလီဒေသမှ ဝမ်တိန်ဒေသအထိ စတုရန်းကီလိုမီတာ ၃၀၀ ကျယ်ဝန်းသော အနောက်တောင်ရွှေရောင်မုခ်ဦး တံခါးဖွင့်စီးပွားရေးစမ်းသပ်ဇုန်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းအထမြောက်အောင်မြင်လာပါက မူဆယ်မြို့သည် လာမည့်ဆယ်စုနှစ်အတွင်း တရုတ်၊ ဥရောပနှင့် အိန္ဒိယနိုင်ငံတို့ရှိ စားသုံးသူများကြား အရေးပါသည့် စီးပွားရေးစင်္ကြံလမ်းအတွင်းသို့ ဝင်ရောက်ရာလမ်းကြောင်း ဖြစ်လာမည်ဖြစ်ပြီး ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေအရပ်ရပ်ကြောင့် မြန်မာ့စီးပွားရေး၏ ရွှေရောင်အနာဂတ်သည် မြောက်ပိုင်းလမ်းနှင့်အတူ လျင်မြန်သွက်လက်လာဦးမည်ဟု မျှော်လင့်မိသည်။ ။



ပြည်တွင်းရေးရာ

# ရလဒ်ကောင်းများစွာရရှိခဲ့သည့် ကိုရီးယားခရီးစဉ်

ကျော်သူဝင်း(မြန်မာ့အလင်း)

ကိုရီးယားသမ္မတနိုင်ငံ၌ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့သော (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့နှင့် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှအပြန် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည် -

**ဦးဝဏ္ဏမောင်လွင်**
**(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**

အစည်းအဝေးမှာ အာဆီယံနိုင်ငံအကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေအနေနဲ့ ၂၀၁၄ မြန်မာနိုင်ငံမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အောင်မြင်စွာထမ်းဆောင်နိုင်တဲ့အတွက် ဂုဏ်ပြုချီးကျူးမှုတွေ ပြောကြားခဲ့တာရှိတယ်။

အာဆီယံနဲ့ ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာစီမံကိန်းတွေကို ဆွေးနွေးကြပြီး စီမံကိန်းရေးဆွဲတဲ့အခါ ၂၀၁၁ ကနေ ၂၀၁၅ အထိ (၅)နှစ်စီမံကိန်းပြီးဆုံးတဲ့ကာလမှာ ၂၀၁၆ ကနေ ၂၀၂၀ အထိ ဆက်လက်ပြီး အာဆီယံနဲ့ ကိုရီးယားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ လေထုညစ်ညမ်းမှုတွေအပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုစတဲ့ကိစ္စရပ်တွေအပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ အာဆီယံ-ကိုရီးယား ပူးတွဲကြေညာချက်ကိုလည်း အောင်မြင်စွာ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ဒါကြောင့် အာဆီယံနဲ့ ကိုရီးယားဆက်ဆံရေး ရှေ့ဆက်ပြီးအလားအလာကောင်းတွေရှိပါတယ်။ တိုးတက်အောင်လည်း နှစ်ဖက်စလုံးက လမ်းညွှန်ချက်တွေကို Plan of Action တွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိပူးပေါင်းဆောင်ရွက်မှုတွေအပြင် ရှေ့ဆက်ပြီးတော့လည်း စံပြကျေးရွာသစ်စီမံကိန်းတည်ဆောက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ပြည်သူချင်းဆက်နွှယ်မှုမှာလည်း မြန်မာနိုင်ငံက ပညာတော်သင်တွေစေလွှတ်ပြီး ကိုရီးယားဘက်ကလည်း မြန်မာနိုင်ငံကို ပညာတော်သင်တွေ အပြန်အလှန်စေလွှတ်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံကအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူတဲ့ နှစ်အတွင်း နောက်ဆုံးဥက္ကဋ္ဌအဖြစ် တာဝန်ယူကျင်းပတဲ့အစည်းအဝေးလည်းဖြစ်ပါတယ်။ အိမ်ရှင်အဖြစ်ကိုရီးယားက အစည်းအဝေးကြီး အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့တာ တွေ့ရပါတယ်။ အာဆီယံနဲ့ ကိုရီးယားဆက်ဆံရေး တိုးတက်ဖြစ်ထွန်းအောင် ဆက်လက်ကြိုးပမ်းကြမယ်ဆိုတဲ့ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။

**ဒေါက်တာကံဇော်**
**(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**

ကိုရီးယားနဲ့ မြန်မာတို့ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးတဲ့အခါမှာ အထူးသဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ ကဏ္ဍကြီးသုံးခုလုံးမှာ ဆောင်ရွက်ဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ အာဆီယံ-ကိုရီးယား မူဘောင်ထဲမှာ ဆွေးနွေးတာတစ်ခုပါသလို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနဲ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

အာဆီယံ-ကိုရီးယား အစည်းအဝေးမှာ အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်နိုင်ငံတွေ (၂၅)နှစ်မြောက်အစည်းအဝေးကို ကိုယ်စားပြုတာဖြစ်ပြီး အဓိကခေါင်းစဉ်ကတော့ အာဆီယံနဲ့ ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက်အခမ်းအနားကို မြန်မာနိုင်ငံက ၂၀၁၄ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတာဖြစ်တဲ့အတွက် ပူးတွဲသဘာပတိလုပ်ဖို့ တက်ရောက်တာလည်းဖြစ်ပါတယ်။

အာဆီယံ-ကိုရီးယား ဆက်ဆံရေးဆောင်ရွက်မှုဟာ အခုအကြိမ်ဆို ဒုတိယအကြိမ် ပြုလုပ်ခဲ့တာဖြစ်ပြီး ပထမအကြိမ်အနေနဲ့ လွန်ခဲ့တဲ့ငါးနှစ် ဇွန်လက ဂျေဂျူးကျွန်းမှာ တစ်ကြိမ်ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးတဲ့အပိုင်းမှာ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာဆိုရင် လယ်ယာကဏ္ဍတိုးတက်လာဖို့အတွက် နည်းပညာတွေ ပူးပေါင်းဆောင်ရွက်မှု၊ လယ်ယာကဏ္ဍမှာ လိုအပ်တဲ့လက်တွန်းထွန်စက်၊ ထွန်စက်အကြီး၊ အသေး၊ ဘက်စုံရိတ်သိမ်းခြွေလှေ့စက်တွေကို ကိုရီးယားနိုင်ငံ Daedong စက်မှုလုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံကို အရစ်ကျစနစ်နဲ့ တင်ပို့ရောင်းချပေးမှာဖြစ်တယ်။

အဲဒီရောင်းချမှုတွေနဲ့အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို တစ်ဖက်က လက်မှုလယ်ယာမှ စက်မှုလက်ယာသို့ အသွင်ကူးပြောင်းရေးဆောင်ရွက်နေသလို အခြားတစ်ဖက်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ သူတို့ရဲ့ အောင်မြင်ခဲ့တဲ့၊ တစ်ကမ္ဘာလုံးကို ပျံ့နှံ့ဆောင်ရွက်နေတဲ့၊ အာဆီယံနိုင်ငံတွေကလည်း အဓိကစံနမူနာအဖြစ် ဆောင်ရွက်နေတဲ့ ကျေးရွာသစ်စီမံကိန်းကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်


ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

ဒီလိုဆောင်ရွက်မှုတွေအားလုံးဟာ ၂၀၁၁ ခုနှစ် အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနဲ့ ကိုရီးယားအစိုးရတို့ကပေးတဲ့ နည်းပညာဆိုင်ရာအထောက်အကူ၊ လုပ်ငန်းဆိုင်ရာအထောက်အကူတွေအပြင် ကိုရီးယားအစိုးရကနေပေးတဲ့ နှစ်ရှည်ချေးငွေတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် စက်မှုလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ လယ်ယာထွက်ကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံအတွင်းမှာ တပ်ဆင်ထုတ်လုပ်နိုင်တဲ့အထိ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါဟာ ဝန်ဆောင်မှုအဆင့်အထိ သွားနေတာဖြစ်တဲ့အတွက် လယ်ယာကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအပြင် နည်းပညာလွှဲပြောင်းမှုအထိ ဘက်စုံပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးကျော်ဆန်း**
**(ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**

မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှာပါ။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့နောက်မှာမှ စက်မှုနိုင်ငံအဖြစ် ဆက်လက်ထူထောင်ပြီးချမ်းသာတဲ့နိုင်ငံဖြစ်အောင်လုပ်ကြရမှာပါ။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကဆောင်ရွက်နေတဲ့ နည်းလမ်းဖြစ်တဲ့ လူ၊ ကျွဲ၊ နွားနဲ့ လုပ်တဲ့ မိရိုးဖလာနည်းကနေပြီး ထုတ်လုပ်မှုကိုလည်း တိုးတက်စေနိုင်တဲ့၊ အရည်အသွေးကိုလည်း မြင့်မားစေနိုင်တဲ့၊ အလေအလွင့်ကိုလည်း နည်းစေနိုင်တဲ့၊ တစ်နှစ်ကို နှစ်သီး၊ သုံးသီး ရာသီမရွေးစိုက်ပျိုးနိုင်တဲ့ စက်မှုလယ်ယာစနစ်ကို သွားကြရမှာဖြစ်ပါတယ်။

အဲဒီလို စက်မှုလယ်ယာစနစ်သွားဖို့ဆိုရင် လယ်သမားတွေအတွက် လယ်ယာသုံးစက်ကိရိယာတွေ အများအပြားလိုအပ်ပါတယ်။ ဒါကြောင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေကို လယ်သမားတွေက လက်ငင်းဝယ်ယူအသုံးပြုဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ အဲဒီလိုအခြေအနေရှိတဲ့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ပေးမှုနဲ့ ကိုရီးယားနိုင်ငံရဲ့ အကူအညီကိုရယူပြီး ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီက ထုတ်လုပ်တဲ့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျဆပ်တဲ့စနစ်နဲ့ ဝယ်ယူဖို့စီစဉ်ခဲ့ပါတယ်။အဲဒီ လယ်ယာသုံးစက်ကိရိယာတွေကို လယ်သမားတွေအသုံးပြုနိုင်အောင်၊ အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

ဒီလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကရော လွှတ်တော်ကရော အတည်ပြုပြီး ဖြစ်တဲ့အတွက် စတင်အကောင်အထည်ဖော်နေပါပြီ။ Daedong က ထုတ်လုပ်တဲ့ စက်ကိရိယာတွေဟာ အခု ပထမသုတ်အနေနဲ့ ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်က သင်္ဘောစတင်တင်ပါတယ်။ မြန်မာနိုင်ငံကို ဒီဇင်ဘာ ၂၀ ရက် ကျော်ကျော်ဆိုရင် ရောက်မှာပါ။ ဒေါ်လာသန်း ၁၀၀ ဖိုး စက်ကိရိယာတွေကို သုံးကြိမ်ဝယ်ယူမှာပါ။ ဒီပစ္စည်းတွေ ရောက်တဲ့အခါမှာ ဝယ်လိုတဲ့ လယ်သမားတွေကို ကြိုက်ရောင်းကြိုက်ဝယ်စနစ်နဲ့ အရစ်ကျပြန်လည် ရောင်းချပေးပါမယ်။ အဲဒီတော့ ကာလစုစုပေါင်း ခုနစ်နှစ်ဖြစ်ပါတယ်။ လယ်သမားများအနေနဲ့ တန်ဖိုးကြီးမားတဲ့ စက်တွေကို ခုနစ်နှစ်ဆိုင်းနဲ့ ဝယ်ယူနိုင်ကြပြီး တန်ဖိုးနည်းတဲ့ စက်တွေကိုတော့ နှစ်နှစ်၊ သုံးနှစ်ဆိုင်းနဲ့ ဝယ်ယူနိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့က Daedong ကုမ္ပဏီကို ခုနစ်နှစ်အတွင်းမှာ အားလုံးကို အရစ်ကျပြန်လည်ပေးဆပ်သွားမှာဖြစ်ပါတယ်။

အဲဒီကဝယ်ယူမယ့် လယ်ယာသုံးစက်ကိရိယာတွေကတော့ လက်တွန်းထွန်စက်တွေပါတယ်။ မြင်းကောင်ရေ ၂၈ ကောင်ကနေပြီး ၉၀ အထိရှိတဲ့ ထွန်စက်အသေး၊ အလတ်၊ အကြီးအမျိုးမျိုးပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ အသုံးတည့်တဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေပါတယ်။ လယ်သမားတွေအနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူနိုင်ခွင့်ရရှိပြီဆိုရင်တော့ တစ်နှစ် သုံးသီး ရာသီအမီစိုက်ပျိုးနိုင်ပါပြီ။ ဒီတော့ စက်ကိရိယာတွေ အကူအညီရရှိတာ၊ မျိုးကောင်းမျိုးသန့်တွေသုံးတာ၊ နည်းစနစ်သစ်တွေကို သုံးတာတွေကြောင့် အထွက်တိုးလာမယ်။ မိရိုးဖလာနည်းမှာ အလေအလွင့်အလွန်များတာကြောင့် ရိတ်သိမ်းခြွေလှေ့စက်တွေသုံးနိုင်ရင်တော့ အလေအလွင့်အများကြီး လျော့သွားမှာဖြစ်ပါတယ်။

နောက်တစ်ခါ မိရိုးဖလာနည်းနဲ့ စပါးကြိတ်တဲ့အခါမှာ အကျိုးအကြေတွေများတယ်။ ဈေးကောင်းမရဘူး။ အဲဒီမှာ လယ်သမားတွေနစ်နာတယ်။ ဒါကြောင့် လယ်ယာသုံးစက်ကိရိယာတွေကိုသာ အသုံးပြုလာမယ်ဆိုရင် အရည်အသွေးပိုင်းမှာလည်း အများကြီးတက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍလည်း ပိုမိုတိုးတက်လာမယ်။ အဲဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ပြီး အခြားသောလုပ်ငန်းတွေကိုပါ တွဲဖက်လုပ်ကိုင်လာနိုင်မယ်ဆိုရင် လယ်ယာထုတ်ကုန်ဟာ အများကြီးမြင့်တက်နိုင်မယ်။ တိုင်းပြည်ရဲ့စီးပွားလည်း တိုးတက်မယ်။ လယ်သမားတွေရဲ့စီးပွားလည်း တိုးတက်မှာဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေးဟာ အရေးကြီးပါတယ်။ လယ်သမားတွေလိုအပ်တဲ့ စက်ကိရိယာတွေပေးနိုင်အောင် တရုတ်နိုင်ငံက ရယူမယ့်ချေးငွေနဲ့လည်း ဆက်စပ်ပြီးတော့ ဆောင်ရွက်သွားဖို့ရှိတယ်လို့ ပြောကြားလိုပါတယ်။

**ဦးမြင့်လှိုင်**
**(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဒီခရီးစဉ်ကနေ ပိုမိုတိုးတက်အောင်မြင်မှုတွေ ရရှိလာသလို အာဆီယံ(၁၀)နိုင်ငံနဲ့ ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေးတွေ၊ စီးပွားရေးအရ ဆက်ဆံမှုတွေ၊ နိုင်ငံရေးအရ ဆက်ဆံမှုတွေ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်တဲ့ ဆက်ဆံမှုတွေ၊ အလားအလာကောင်းတဲ့ အောင်မြင်မှုတွေ ရရှိခဲ့တယ်လို့ သုံးသပ်မိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံအကြားမှာလုပ်တဲ့ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှု စတဲ့ အခွင့်အလမ်းတွေ ဖန်တီးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ လယ်ယာကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်ပေးဖို့၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးဖို့ လုပ်ငန်းတွေ အတည်ပြုနိုင်ခဲ့ပါတယ်။

လာမယ့် ၂၀၁၅-၂၀၁၆ ကနေစပြီး မြန်မာနိုင်ငံ ကျေးရွာပေါင်း ၁၀၀ ကို အမေရိကန်ဒေါ်လာ ၂၂ သန်းတန်ဖိုးရှိတဲ့ ကျေးရွာသစ်စီမံကိန်းလှုပ်ရှားမှုဆိုပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများကို တစ်ရာသီပြီး တစ်ရာသီ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာတဲ့ သီးနှံတွေကို အဆင့်မြင့်ထုတ်ကုန်တွေထုတ်လုပ်မယ်။ အဆင့်မြင့်ထုတ်ကုန်တွေကို လက်ကားဈေးကွက်တွေထူထောင်ပြီး နိုင်ငံတကာဈေးကွက်နဲ့ချိတ်ဆက်ကာ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီကနေ အကူအညီတွေပေးဖို့အတွက် လာမယ့် ၂၀၁၅ နှစ်ဦးပိုင်းမှာပဲစတင်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတို့ရဲ့ ဆက်ဆံမှုရလဒ်အနေနဲ့ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့အထောက်အကူဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**ဦးရဲထွဋ်**
**(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**

ဒီနှစ်က ထူးခြားတဲ့ နှစ်တစ်နှစ်ပါ။ ဘာလို့လဲဆိုရင် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်က (၂၅)နှစ်ပြည့်တယ်။ ဒေသဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့ဝင်ဖြစ်တာ နှစ်(၂၀)ပြည့်တယ်။ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ကိုရီးယားက ဝင်ရောက်ခဲ့တာက (၁၀)နှစ်ပြည့်တယ်။ အထိမ်းအမှတ် သုံးခုဆုံတဲ့နှစ်မှာ ဆွေးနွေးခွင့်ရရှိခဲ့တယ်။

အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ၅ နှစ်သက်တမ်း လုပ်ငန်းစီမံချက်က ၂၀၁၅ မှာကုန်ပြီ။ ၂၀၁၆-၂၀၂၀ မှာ ဘာတွေဆက်လုပ်မယ်ဆိုတာကို ဆွေးနွေးခဲ့ကြတယ်။ အာဆီယံနဲ့ ကိုရီးယားကြားမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။ ၂၀၁၃ ခုနှစ် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးတုန်းက ကိုရီးယားဘက်က ဆွေးနွေးခဲ့တာရှိပါတယ်။ အာဆီယံ-ကိုရီးယားစီးပွားရေးကောင်စီဆိုတာ ဖွဲ့စည်းဖို့ပါ။ ဒါကတော့ ပုဂ္ဂလိကကဏ္ဍပါ။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကြားမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ပါ။ ထိပ်သီးအစည်းအဝေးမတိုင်ခင် ဒီဇင်ဘာ ၁၀ ရက်နေ့မှာ ညီလာခံကျင်းပပြီး ပထမဆုံးအကြိမ် အကောင်အထည်

စာမျက်နှာ ၉ သို့ ✱

ပြည်တွင်းရေးရာ

## One Asia Joint Concert တင်ဆက်ဖျော်ဖြေ

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

One Asia Joint Concert အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပပြီး ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းကျင်းပသော One Asia Joint Concert ကို မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေးနှစ်(၆၀)ပြည့် အထိမ်းအမှတ်ပိတ်ပွဲအခမ်းအနားအဖြစ် ဒီဇင်ဘာ ၁၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဂျပန်နိုင်ငံကို ကိုယ်စားပြုသော ဂျပန်ရိုးရာတူရိယာတီးခတ်သူ လူငယ်ရှစ်ဦး၏ ဂီတတစ်ခုအဖြစ် AUN J Classic Orchestra နှင့်ပူးပေါင်း၍ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနိုင်ငံတို့မှ ဂီတပညာရှင်များက ၎င်းတို့နိုင်ငံ၏တိုင်းရင်းသား ရိုးရာတူရိယာပစ္စည်းများဖြင့် ပူးပေါင်းတီးခတ်ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်ပွဲအပြီးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi တို့က တင်ဆက်ဖျော်ဖြေကြသော One Asia Joint Concert အဖွဲ့အား အမှတ်တရဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ဖျော်ဖြေပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများ၊ ဂီတကို ချစ်မြတ်နိုးသူပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ တက်ရောက်အားပေးကြသည်။ **(ဥမ္မာသန့်)**

■ **ရန်ကုန်မြို့မှ**

အရစ်ကျနဲ့ ကျန် ၅၀ ရာခိုင်နှုန်းကိုတော့ ၃၄ အမိုးပြီးမှ အရစ်ကျပေးချေရမှာဖြစ်တဲ့အတွက် ဝယ်ယူလိုသူတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတာပါ။ ကွန်ဒိုအဂ်ါရပ်နဲ့အညီ အခန်းဝယ်ယူသူတွေ မြေပိုင်ဆိုင်မှု အချိုးကျပိုင်ဆိုင်မှာပဲဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Mandalay Golden Wing ဆောက်လုပ်ရေး လီမိတက်အနေဖြင့် Bahan Serviced Apartment ၁၈ ထပ်၊ Diamond Parami Business Centee ၁၈ ထပ်၊ Garden Kadawgyi Tower ၂၇ ထပ်၊ ရန်ကင်းကွန်ဒို ၂၂ ထပ်၊ MGW Indigo Hotel၊ Mya Kyun Thar arcade (ရန်ကုန်)၊ MGW Indigo Resort (ပုဂံ)၊ MGW International Hotel(မန္တလေး)၊ MGW International Hotel အင်းလေးနှင့် ငပလီတို့ကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

## ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းညှိနှိုင်းရန် လိုအပ်

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**



နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိက အသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းပြီး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းကြဖို့ လိုအပ်ပြီး အောက်ခြေမှာ ဖြေရှင်းနိုင်သည့်ကိစ္စများအား ချက်ချင်းဖြေရှင်းပေးပြီး မဖြေရှင်းနိုင်သည့် ကိစ္စများကို အထူးလုပ်ငန်းအဖွဲ့တွင် ဆွေးနွေးညှိနှိုင်းဖြေရှင်းသွားကြရန်လိုအပ်ပါကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်မှသာ ဖြေရှင်းနိုင်မည့်ကိစ္စများမှာ အချိန်ယူရမည်ဖြစ်သောကြောင့် လက်ငင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို ဌာနဆိုင်ရာ စီမံခန့်ခွဲမှုဘောင်အတွင်းမှ အမြန်ဆုံးဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေးမူဝါဒများ၊ ရည်မှန်းချက်တာဝန်များနှင့်အညီ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်မည်ဖြစ်သလို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှအဖွဲ့ဝင် နိုင်ငံများ၊ ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများနှင့် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများ၊ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှု တိုးချဲ့မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းလျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်မှုများကို တိုးတက်အောင်မြင်မှု ရှိစေရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုရှိမှသာ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ အထူးလုပ်ငန်းအဖွဲ့ အနေဖြင့် ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက် မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ဆွေးနွေးညှိနှိုင်းတင်ပြခြင်း၊ အခက်အခဲအတားအဆီးဖြစ်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့ပေးနိုင်ရေး၊ အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသည့် ရေတိုရေရှည် မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲအကောင်အထည်ဖော်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် One Stop Service ကို ထိရောက်စွာ ဆောင်ရွက်ပေးရေး၊ ပြည်တွင်းပြည်ပဈေးကွက်များနှင့် ချိတ်ဆက် ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မကြာမီအကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

✻ **စာမျက်နှာ ၈ မှ**

ဖော်နိုင်ပြီဆိုတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အခွင့်အရေးတွေ အများကြီးရရှိလာမှာပါ။ အာဆီယံမူဘောင်အတွင်းကနေ ဆောင်ရွက်ခဲ့တဲ့ ကိစ္စရပ်ပါ။

အာဆီယံ-ကိုရီးယားဆက်ဆံရေးက အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့နဲ့ ကိုရီးယားဆက်ဆံရေးကလည်း ကောင်းမွန်ပါတယ်။ သမ္မတကြီးနဲ့ ကိုရီးယားသမ္မတကြီး သီးခြားတွေ့ဆုံမှုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ ဆိပ်ကမ်းနဲ့ ရေကြောင်းသွားလာရေး ဖွံ့ဖြိုးမှုကဏ္ဍတွေကို ဆွေးနွေးခဲ့ပါတယ်။

ဘူဆန်က ဒုတိယအကြီးဆုံးမြို့တော်နဲ့ စက်မှုလုပ်ငန်းတွေ ထွန်းကားတဲ့မြို့တော်ဖြစ်တဲ့အတွက် ဘူဆန်လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးက တိုက်တွန်းပြောကြားခဲ့တာရှိပါတယ်။ အာဆီယံအနေနဲ့ရော မြန်မာနိုင်ငံအနေနဲ့ရော ကိုရီးယားနဲ့ဆက်ဆံရေးမှာလည်း ရလဒ်ကောင်းတွေ ရရှိခဲ့တဲ့ခရီးစဉ်လို့ပြောလို့ရပါတယ်။

**ဦးဝင်းအောင်**

**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်)**

ကျွန်တော်တို့ ကုန်သည်/စက်မှုအသင်းချုပ်အနေနဲ့ ကိုရီးယားနိုင်ငံမှာကျင်းပခဲ့တဲ့ အာဆီယံ-ကိုရီးယားထိပ်သီးဆွေးနွေးပွဲနဲ့ ယှဉ်တွဲပြီးတော့ ကျင်းပတဲ့ အခမ်းအနားနှစ်ခုကို တက်ရောက်ခဲ့တာပါ။ တစ်ခုက အာဆီယံ-ကိုရီးယား ခေါင်းဆောင်များအစည်းအဝေးနဲ့ နောက်တစ်ခုက အာဆီယံ-ကိုရီးယားစီးပွားရေးကောင်စီ ဆွေးနွေးညှိနှိုင်းဖွဲ့စည်းတဲ့ အခမ်းအနားတွေဖြစ်ပါတယ်။ အာဆီယံ-ကိုရီးယားအမှုဆောင်အရာရှိချုပ် ထိပ်သီးအစည်းအဝေးကို ပြောရရင် ကမ္ဘာ့စီးပွားရေးအလားလာတွေနဲ့ အာရှရဲ့ စီးပွားရေးမှာ ဘယ်လို ဘယ်ပုံ အင်အားရှိရှိနဲ့ ဘယ်လိုဆောင်ရွက်နိုင်မယ်ဆိုတဲ့အပိုင်းတွေ ဆွေးနွေးကြပါတယ်။ နောက်တစ်ခါ အာဆီယံ-ကိုရီးယား(၂၀၁၃)က အာဆီယံခေါင်းဆောင်တွေနဲ့ ကိုရီးယားခေါင်းဆောင်တွေ ဆွေးနွေးကြတဲ့အခါမှာ ၂၀၁၄ ခုနှစ်ရောက်ရင် စီးပွားရေးလုပ်ငန်းတွေကို အာဆီယံနဲ့ ကိုရီးယား ပူးပေါင်းဆောင်ရွက်ဖို့၊ ပိုမိုတိုးတက်ဆောင်ရွက်ဖို့အတွက် အာဆီယံမှာရှိတဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းတွေနဲ့ ကိုရီးယားစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတွေပေါင်းပြီး အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီဖွဲ့ဖို့ဆိုပြီးတော့ အဆိုပြုခဲ့ကြတာရှိပါတယ်။ ဒါကို အာဆီယံခေါင်းဆောင်တွေကလည်း သဘောတူခဲ့ကြပါတယ်။

အဲဒီအနေအထားအရ ဒီနှစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှာ အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီကို ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ အာဆီယံနိုင်ငံတွေနဲ့ ကိုရီးယားနိုင်ငံတို့ ပူးပေါင်းပြီး စီးပွားရေးဝန်ထမ်းတွေချိတ်ဆက်ပြီးတော့ အလုပ်လုပ်ကြဖို့၊ ပိုမိုပြီးပူးပေါင်းဆောင်ရွက်ကြဖို့ကိစ္စတွေကို စနစ်တကျဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဖွဲ့စည်းပြီးတော့ ရှေ့ဆက်လက်ဆောင်ရွက်နိုင်ဖို့ကိစ္စတွေကို ညှိနှိုင်းပြီးမှ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ စီးပွားရေးကိစ္စရပ်တွေမှာ တိုးချဲ့ဆောင်ရွက်ဖို့ဖြစ်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ပုဂ္ဂလိကကဏ္ဍအချင်းချင်းဖွဲ့စည်းပြီး လုပ်ငန်းရှင်ကိုရီးယားနှင့်အာဆီယံအကြား တိုးတက်ပြီးပူးပေါင်းဆောင်ရွက်နိုင်မယ်။ စီးပွားရေးလုပ်ငန်းနဲ့ဆိုင်တဲ့ ဆောင်ရွက်ဖွယ်ဆိုင်ရာကိစ္စအဝဝကို နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြမယ်။

နောက်တစ်ခုက အာဆီယံနဲ့ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ လိုအပ်တဲ့လုပ်ငန်းစဉ်တွေ၊ ကိစ္စရပ်တွေကိုလည်း နိုင်ငံခေါင်းဆောင်တွေကိုတင်ပြပြီး လိုအပ်တဲ့အချက်တွေ၊ ဆက်လက်ဆောင်ရွက်ဖို့ကိစ္စတွေလည်းပါပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှာရှိတဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ကိုရီးယားနိုင်ငံမှ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ အကျိုးတူ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုတာကို အဓိကထားဆွေးနွေးခဲ့ကြပါတယ်။

(၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှရရှိလာသော ညှိနှိုင်းသဘောတူညီမှုများ၊ ကတိကဝတ်များနှင့် ဆုံးဖြတ်ချက်များသည် အာဆီယံဒေသတွင်း နိုင်ငံများအတွက်သာမက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူများစွာဖြစ်စေကာ အဆိုပါ ခရီးစဉ်မှ အကျိုးရလဒ်ကောင်းများစွာ ဆောင်ယူလာနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

## ကိုးကန့်သောင်းကျန်းသူလက်ကျန်အဖွဲ့မှ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား အလစ်အငိုက်တိုက်ခိုက်

**နေပြည်တော်  ဒီဇင်ဘာ  ၁၄**

ကွမ်းလုံမြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသနှင့် မုံးစီး၊ မုံးပေါ်လေးဒေသအတွင်း နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စခန်းနှင့်စစ်ကြောင်းအား ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကိုးကန့်သောင်းကျန်းသူလက်ကျန်အဖွဲ့မှ အင်အားအလုံးအရင်းဖြင့် လက်နက်ကြီးများ အသုံးပြုပြီး အလစ်အငိုက်တိုက်ခိုက်ခဲ့ကာ ဝိုင်းဝန်းပိတ်ဆို့ထားခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ ပတ်ဝန်းကျင်တွင် လှုပ်ရှားနေသည့် တပ်မတော်စစ်ကြောင်းများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လာရောက်ပူးပေါင်း စစ်ကူပေးတိုက်ခိုက်ခဲ့သဖြင့် မိမိတပ်များသည် ရန်သူပိတ်ဆို့မှုများကြားမှ စနစ်တကျထိုးဖောက်ဆုတ်ခွာနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် နမ့်ကျွမ်းစစ်ဆင်ရေးခြေကုပ်စခန်းသို့ ပြန်လည်ပူးပေါင်းနိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းမှ စစ်သည် ခုနစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး ဒဏ်ရာရရှိသူ ၂၀ ရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူ လက်ကျန်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးဖော်ဆောင်နေစဉ်ကာလအတွင်း တပ်မတော်စခန်းနှင့်စစ်ကြောင်းများကို အကြောင်းမဲ့စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအား ထိပါးနှောင့်ယှက်သူမှန်သမျှကို ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ထိရောက်စွာချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

● **ချင်းတွင်းမှ**

ချင်းတွင်းမြစ်အတွင်း မုတ်ကလိရေလမ်း၊ နောင်စမ်းကျဉ်ရေလမ်း၊ နတ်ဆက်ရေလမ်း၊ ဆတ်တောရေလမ်း၊ ကြို့ကုန်းရေလမ်း၊ ကင်းတပ်ရေလမ်း၊ ကိုးတန်ချောင်းပေါက်ဝ၊ ကြာအင်းရေလမ်း၊ မထုရေလမ်း၊ ကျွဲနံရေလမ်း၊ လျှော်ဖြူပင်-ကျောက်ကုန်းရေလမ်း၊ ငအုန်းရေလမ်းတို့တွင် ချင်းတွင်းမြစ်ရေနည်းချိန်ကာလအတွင်း ရေယာဉ်များသွားလာရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တစုန်းကယ်ဆယ်ရေး လုပ်ငန်းများကို လာမည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဆယ်ယူရန်လျာထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုတ်သုံသစ်တောများရှိခြင်း၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများရှိခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ချောင်းရေနှင့်အတူ ချင်းတွင်းမြစ်အတွင်းသို့ သစ်မြစ်၊ သစ်တုံးများ စီးမျောပါရှိခဲ့သည့်နောက်ပိုင်း ရေစီးကြောင်းနေရာအချို့တွင် သစ်တုံးများ၊ သစ်မြစ်များ တင်ကျန်ခဲ့သဖြင့် တစုန်းများကို နှစ်စဉ် ဖယ်ရှားပေးနေရခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်အတွင်းမှ ဆယ်ယူရရှိသော သစ်မြစ်၊ သစ်လုံးတစုန်းများကို သဲသောင်ဖြစ်ထွန်းစေလိုသော နေရာများတွင် သဲသောင်ထိပ်၊ ကျွန်းဖြစ်ပေါ်စေလိုသော နေရာများနှင့် ကျွန်းအောက်ဘက်တို့တွင် စွန့်ပစ်လေ့ရှိပြီး ရေစီးရေလာကောင်းမွန်သော မြစ်ချောင်းများ ဖြစ်ပေါ်လာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

■

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်များ ပေါ်ပေါက်လာရေးအတွက် ဌာနဆိုင်ရာ အသီးသီး၏ ကြိုးနီဆန်သောလည်ပတ်မှုစနစ်များနှင့် တုပ်နှောင်ထားသောလုပ်ထုံးလုပ်နည်းများကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးရန် အရေးတကြီးလိုအပ်သည်။

သို့ဖြင့် ယခုအပတ်ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ပြည်သူဗဟိုပြုရုံးလုပ်ငန်းများနှင့် နိစ္စဓူဝ ဆက်သွယ်ဆောင်ရွက်နေကြရသည့် ပြည်သူအချို့၏ ရုံးဌာနများနှင့်ပတ်သက်သော ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

**ဒေါက်တာမောင်အောင်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (အကြံပေး)**

အရင်က ရုံးပြင်ကနားကို ပြည်သူတွေသွားရမှာ ကြောက်တယ်ဆိုတာ အရမ်းကြာတယ်။ အဆင့်တွေများတယ်။ အစိုးရဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေဆို ပုဂ္ဂလိကဘဏ်တွေက အရမ်းမြန်တယ်။ ငွေထုတ်တာငွေသွင်းတာ ငါးမိနစ်ထက်မကြာဘူး။ ဒါက ဘဏ်ပဲရှိသေးတယ်။ အစိုးရဝန်ကြီးဌာနတွေမှာ အရင်တုန်းကဆို အဆင့်တွေများတယ်။ တစ်ခုခုလုပ်မယ်ဆိုရင် ဘယ်တော့မှမပြီးတော့ဘူး။ တချို့ကလည်း ပြောကြတာပေါ့။ အဲဒီလိုအဆင့်တွေများမှ သူတို့အတွက်ဆိုတဲ့ ဒါမျိုးလည်း ရှိတာပေါ့။

အခုဆိုရင် အရင်ထက်အတော်များများ အဆင့်တွေလျှော့လာတယ်။ ကြိုးနီစနစ်တွေ အကုန်လျှော့တယ်။ ဖြစ်နိုင်မယ်ဆိုရင် မလိုတဲ့အဆင့်တွေလုံးဝကို ဖြုတ်တယ်။ ဥပမာတစ်ခုပြောရရင် ကျွန်တော်တို့ရဲ့စီးပွားကူးသန်းပေါ့၊ အခု သွင်းကုန်လျှောက်လွှာ၊ ပို့ကုန်နဲ့ပတ်သက်တဲ့ လျှောက်လွှာဆိုရင် အဆင့်တွေအများကြီး ဘာမှမလိုတော့ဘူး။ မလိုတဲ့အဆင့်တွေ အကုန်လျှော့တယ်။ ပိုပြီးအဆင်ပြေတာက အရင်တုန်းက လိုင်စင်တို့ ဘာတို့လုပ်မယ်ဆိုရင် နေပြည်တော်ကို အကုန်လာပဲလေ။ အခုဆို လိုင်စင်အားလုံးက ရန်ကုန်မှာလုပ်လို့ရပြီ။ အထူးအခွင့်အရေးရတဲ့ဟာပဲ နေပြည်တော်သွားပေါ့။

နောက်တစ်ခုက ပိုပြီးလွယ်ကူရုံမဟုတ်ဘူး။ အချိန်ကာလပေါ့။ အရင်တုန်းကလိုင်စင်ဆိုရင် နှစ်ပတ်တို့ သုံးပတ်ကြာတာတို့ပေါ့။ အခုဆိုရင် လိုင်စင်အများစုက နေ့ချင်းပြီးပဲ။ ဒါမျိုးက အစ။ ဘာပဲပြောပြော ပြောင်းလဲသွားပြီ။ ဒီအတိုင်းပဲ ဝန်ကြီးဌာနအတော်များများကလည်း ပြောင်းလဲသွားပြီ။ ဒါပေမယ့် အချို့ပြောနေကြတာတော့ ခက်သေးတယ်၊ ကြာသေးတယ်ဆိုတာ ရှိသေးတယ်။ ဒါကို ကျွန်တော်လည်း ဝန်ခံပါတယ်။

ဒီအချိန်မှာ ဘာကိုကြိုးစားရမလဲဆိုတော့ ပြည်သူတွေရဲ့အမြင် ပိုပြီးကောင်းလာအောင် အစိုးရအပိုင်းကလည်း ဒါထက်ပိုပြီးလျင်မြန်ချောမွေ့စေရေးကို ပိုပြီးဦးစားပေးရမယ်။ နောက်တစ်ခုက လိုလိုလားလားပေါ့။ အဲဒါကလည်း အရေးကြီးတယ်။ တစ်ချိန်တုန်းက ကြာတယ်ဆိုတာက ကြာမှညှိနိုင်းတာမျိုးပေါ့၊ အခုက ကြာစရာမလိုတော့ဘူး။ တစ်ဖက်ကလည်း ဝန်ထမ်းပေါ့။ ဝန်ထမ်းဆိုတာ အင်မတန်ဂုဏ်ရှိတာ။ သူတို့လည်း လုံလောက်တဲ့ဝင်ငွေရှိရင် ကိုယ့်အလုပ်ကို ဂုဏ်ယူပြီးလုပ်မယ့်စိတ်မျိုးဖြစ်လာမယ်။ ဒါလည်း အရေးကြီးတယ်။

ကျွန်တော်ပြောချင်တာက လစာရယ် မဟုတ်ပါဘူး။ အခြားထောက်ပံ့မှုတွေအများကြီး လိုပါတယ်။ ဝန်ထမ်းတွေတော်တော်များများ စိုးရိမ်တယ်ဆိုတာ သူတို့ ပင်စင်သွားရင် သူတို့အတွက် နေထိုင်စရာပေါ့။ ဒါက ဘယ်နိုင်ငံပဲဖြစ်ဖြစ် ဝန်ထမ်းတိုင်း ဝန်ထမ်းတိုင်းအတွက် Public Housing ဆိုတာ ရှိပြီးသား။ ပူစရာမလိုဘူး။ ဝန်ထမ်းစလုပ်ပြီဆိုတာနဲ့ Public Housing က ပုံမှန်အရစ်ကျဖြတ်ပြီး အနားလည်းယူရော အိမ်ပိုင်လေးနဲ့ဖြစ်သွားတာပဲ။ ဒါမျိုးစနစ်တွေ အများကြီးလုပ်ရမယ်။ အစိုးရရဲ့အာမခံချက်သာ ပိုပြီးပြည့်ပြည့်ဝဝလုပ်ပေးနိုင်ရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့စိတ်ဓာတ်ကအစ ပြောင်းသွားမယ်။ အရင်တုန်းကလို ကြာတာတွေ ညစ်တာတွေ ဘယ်တော့မှမရှိတော့ဘူး။ ဒါ သေချာတယ်။ အခုလည်း နိုင်ငံတော်က ဆောင်ရွက်နေပါပြီ။ ဒါမျိုးက တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားမှာဖြစ်ပါတယ်။

**မမေလေး**
**သယ်န်းကျွန်းမြို့နယ်**

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ကျွန်မတို့အိမ်နားက ဇဝန ကမ္ဘောဇဘဏ်ကနေ နေပြည်တော်က အမျိုးတစ်ယောက်ဆီ ငွေကိုးသောင်း လွှဲပေးလိုက်တယ်။ ၁၅ မိနစ်၊ မိနစ် ၂၀ ပဲကြာတယ်။ ငွေလွှဲတဲ့ကောင်တာက အောက်ထပ်၊ ငွေလက်ခံတဲ့ကောင်တာက အပေါ်ထပ်ဆိုပြီး စနစ်တကျခွဲပေးထားတယ်။ ပုဂ္ဂလိကဘဏ်တွေက ဝန်ဆောင်မှုကောင်းတော့ ငွေပို့၊ ငွေလက်ခံတဲ့ ကိစ္စမျိုးဆို ပုဂ္ဂလိကဘဏ်တွေကိုပဲ ပြေးမြင်မိတယ်။ ဒီလိုပြောလို့ အစိုးရဘဏ်တွေ ဝန်ဆောင်မှု မကောင်းဘူးလို့ ဆိုလိုတာမျိုးမဟုတ်ဘူးနော်။ ဘယ်စီးပွားရေးလုပ်ငန်းမဆို ဝန်ဆောင်မှုကောင်းရင် အောင်မြင်မှာပဲဆိုတဲ့ သဘောပါ။

**မရှုပါ**
**ကုမ္ပဏီဝန်ထမ်း**

ပြီးခဲ့တဲ့လက ရုံးကအိမ်အပြန် မြန်ချင်လို့ သိမ်ဖြူဈေးကနေ အမှတ် (၁၀၅) လိုင်းကား တက်စီးမိတာ သမီးပိုက်ဆံအိတ် ခါးပိုက်နှိုက် ခံလိုက်ရတယ်။ ပိုက်ဆံက တစ်သောင်းခွဲလောက်ပဲ ပါသွားပေမယ့် မှတ်ပုံတင်ပါသွားတယ်။ မှတ်ပုံတင်ပြန်လုပ်ဖို့ကလည်း ကုမ္ပဏီအလုပ်က တနင်္ဂနွေ တစ်ရက်ပဲ နားရက်ရှိတော့ ရပ်ကွက်ထဲက နီးစပ်တဲ့လူတစ်ယောက်ကိုပဲ ဝန်ဆောင်ခပေးပြီး လုပ်ခိုင်းလိုက်ရတယ်။ သမီးတို့က အစိုးရရုံးတွေ ဘာတွေနဲ့သိပ်အဆက်အစပ်မရှိတော့ လုပ်ထုံးလုပ်နည်းတွေ ဘာတွေ နားမလည်ဘူးလေ။ မြန်ရင်ကိစ္စမရှိဘူး။ အခေါက်ခေါက် အခါခါသွားရမှာတော့ကြောက်တယ်။

**သတင်းစာဆရာတစ်ဦး**

အပေါ်ကပြောင်းပေမယ့် အလယ်နဲ့အောက်ခြေအပိုင်းက မပြောင်းလဲသေးဘူး။ အချို့နေရာတွေမှာ လုပ်ငန်းကြန့်ကြာမှုတွေ၊ လက်ဖက်ရည်ဖိုးဟိုတောင်း ဒီတောင်းတွေရှိနေသေးတာပဲ။ အဓိကက အောက်ခြေအပိုင်းက ပြောင်းရမှာ။ တာဝန်ရှိသူတွေအနေနဲ့ကလည်း အောက်ခြေက ပြောင်း၊ မပြောင်း သိဖို့လိုပါတယ်။ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နဲ့ ဆရာကိုကို(စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းထားတဲ့ တတိယလှိုင်းစာအုပ်မှာဆို အောက်ခြေဝန်ထမ်းတွေ ပြောင်းပြီဆိုမှ အစိုးရယန္တရားကြီးက လုံးဝပြောင်းပြီလို့ ဆိုထားတယ်။ ဒီစာအုပ်ကို ဝန်ထမ်းတွေလည်း အဓိကဖတ်သင့်ပါတယ်။ ဝန်ထမ်းတွေအတွက် အဓိက ရည်ရွယ်ထားတာပေါ့။

ခြုံငုံပြီးပြောရရင်အပေါ်က ပြုပြင်ပြောင်းလဲဖို့ လုပ်နေတယ်။ အကောင်အထည်ဖော်နေတယ်။ ပြုပြင်ပြောင်းလဲလိုတဲ့လူလည်းရှိသလို မပြောင်းချင်တဲ့လူတွေလည်းရှိနေတယ်။ ပြည်သူနဲ့ ထိတွေ့ဆက်ဆံမှု အများဆုံးဖြစ်တဲ့အောက်ခြေမှာတော့ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းက အားနည်းနေသေးတယ်။

ဒါကြောင့် ဝန်ထမ်းတွေရဲ့ ဘဝတိုးတက်ပြောင်းလဲလာအောင် ထိထိရောက်ရောက် လုပ်ပေးဖို့နဲ့ မျှော်လင့်ချက်တွေပေးဖို့လိုတယ်။ ဒါမှ အောက်ခြေမှာတကယ့်ပြုပြင်ပြောင်းလဲလာမှာပါ။ မဟုတ်ရင်တော့ သံသရာလည်နေဦးမှာပါပဲ။

**ကိုကျော်ကျော်**
**လုပ်ငန်းရှင်တစ်ဦး**

ကား ကနဦးလိုင်စင်ဝင်တာ အရင်ကထက်စာရင် အဆင်ပြေလာပါပြီ။ ထောက်ကြန့်သွားရလို့ ဝေးတာတစ်ခုပဲ။ အဲဒီတစ်ရက်ကတော့တစ်နေကုန်ပဲ။ ဝေးဝေးသွားရပေမယ့် ပိုပြီး မြန်မြန်သွက်သွက်လေးဖြစ်လာရင် ပိုကောင်းတာပေါ့။ အရင် တောင်ဥက္ကလာပ မြင်သာရုံးကနီးတော့ တော်သေးတာပေါ့။ ပြည်ပကနေ စလစ်အပ်ပြီးသွင်းတာရော၊ မော်ဒယ်အမြင့်တွေ သွင်းတာရော အဲဒါတွေလည်း အခက်အခဲမရှိပါဘူး။ မြန်ပါတယ်။ အကုန်လုံးတော့ အဆင်ပြေလာပါတယ်။ ။



# ခရီးသွားရာသီကာလအတွင်း မန္တလေးမြို့သို့ နိုင်ငံခြားသားဝင်ရောက်မှု ယမန်နှစ်ထက်သုံးသောင်းကျော်မြင့်တက်

**မန္တလေး ဒီဇင်ဘာ ၁၄**

ယခုနှစ်ခရီးသွားရာသီကာလတွင် မန္တလေးမြို့သို့ နိုင်ငံခြားသားဝင်ရောက်မှုဦးရေမှာ ယမန်နှစ်ကာလတူလများထက် သုံးသောင်းကျော်ပိုမိုဝင်ရောက်လျက်ရှိကြောင်းသိရသည်။

၂၀၁၃ ခုနှစ်ခရီးသွားရာသီကာလအတွင်းဧည့်သည်ဝင်ရောက်မှုမှာ စက်တင်ဘာလတွင် ၂၃၀၂၁ ဦး၊ အောက်တိုဘာလတွင် ၃၈၆၅၇ ဦးနှင့် နိုဝင်ဘာလတွင် ၄၇၅၁၁ ဦးရှိခဲ့ပြီး ယခုနှစ် စက်တင်ဘာလတွင် ၂၇၄၈၆ ဦး၊ အောက်တိုဘာလတွင် ၄၄၀၉၅ဦးနှင့် နိုဝင်ဘာလတွင် ၆၁၀၈၆ ဦးဝင်ရောက်ခဲ့သဖြင့် ယမန်နှစ်ထက် သုံးသောင်းကျော်ပိုမိုဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန စာရင်းများအရ သိရသည်။

ထို့အပြင် မန္တလေးမြို့သို့လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားအများစုသည် ယခင်ကပြည်တွင်းရှိ ခရီးသွားကုမ္ပဏီများနှင့်ဆက်သွယ်ကာ မော်တော်ယာဉ်များဖြင့် သွားလာလည်ပတ်ကြသော်လည်း ယခုအခါတွင် စက်ဘီးများငှားရမ်းအသုံးပြု၍ လည်ပတ်နေကြကြောင်းတွေ့ရှိရပြီး ထိုသို့ စက်ဘီးအသုံးပြုခြင်းဖြင့် လေ့လာခွင့်နေရာများ ပိုမိုရရှိကြောင်း ဩစတြေးလျ နိုင်ငံသားဧည့်သည်စုံတွဲကပြောကြားသည်။

"ကားနဲ့သွားရတာကိုယ်ရောက်ချင်တဲ့နေရာတစ်ခုကိုပဲလေ့လာခွင့်ကြည့်ခွင့်ရတယ်။ လမ်းတစ်လျှောက်ပတ်ဝန်းကျင်ရှုခင်းတွေနဲ့ဗဟုသုတကို သေချာလေ့လာလို့မရဘူး။ အခုလိုစက်ဘီးနဲ့ဆိုတော့ ကိုယ်ကြည့်ချင် သိချင်တဲ့နေရာတိုင်းကို စိတ်တိုင်းကျဝင်လေ့လာလို့ရတာပေါ့။ နောက်ပြီး ကုန်ကျစရိတ်လည်း သက်သာသွားတယ်။ ယာဉ်အန္တရာယ်လည်း မစိုးရိမ်ရတော့ဘူး။ မန္တလေးသားတွေက ကျွန်တော်တို့ကို ဦးစားပေးပါတယ်"ဟု ပြောသည်။

မန္တလေးသို့နိုင်ငံခြားသားခရီးသွားဧည့်သည်အများဆုံးဝင်ရောက်သောနိုင်ငံများအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံတို့ဖြစ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တိုက်ရိုက်ပျံသန်းပေးနေသော နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ စင်ကာပူနှင့်ကိုရီးယားနိုင်ငံတို့ဖြစ်ကြောင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့နိုင်ငံတကာမှ ဝင်ရောက်သောလေကြောင်းလိုင်းခုနစ်လိုင်းရှိပြီး ဗန်ကောက်လေကြောင်းလိုင်းနှင့် china air လိုင်းတို့မှ အများဆုံးဝင်ရောက်ကြကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

GlobalPOS
POINT OF SALE SOFTWARE
version 2.0

SERVICE & TRAINING
HARDWARE PARTNER With KMD

Email : sales@globalwave.com.mm
Website : www.globalwave.com.mm

၁။ Training 2 days (2 hours each day)
၂။ ဝယ်ယူပြီး (၂) လအတွင်း အခကြေးငွေထပ်မံပေးချေစရာမလိုဘဲ ဝန်ဆောင်မှုပေးခြင်း။
၃။ ဝယ်ယူအသုံးပြုသူများ အဆင်ပြေစေနိုင်ရန် Data Entry Services ဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း။



SALE! 150,000 KYATS

စတိုးဆိုင်များ၊ ဆေးဆိုင်များ၊ မီနီ / စူပါမားကတ်များ၊ စားသောက်ဆိုင်များ၊ ဖုန်းဆိုင်များ၊ ကွန်ပျူတာဆိုင်များ၊
လျှပ်စစ်ပစ္စည်းဆိုင်များ၏ အရောင်းဆိုင်ရာ လုပ်ငန်းများကို ပိုမိုလွယ်ကူ လျင်မြန်တိကျစွာ ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။
GlobalPOS နှင့်အတူ ချိတ်ဆက်အသုံးပြုနိုင်သည့် POS DEVICE အမျိုးမျိုးကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပြီဖြစ်ပါသည်။

Innovative Global Wave TECHNOLOGY

ရန်ကုန်ရုံးချုပ်
အခန်း (၃၀၃)၊ AKK Shopping Mall တတိယထပ်၊ သယ်န်းကျွန်းဈေး၊ လေးဒေါင့်ကန်လမ်းမကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၆၀၀၆၇၊ ၀၁-၅၆၀၀၆၈။

မန္တလေးရုံးခွဲ
စီ-(၇)၊ လမ်းသွယ်(၁)၊ ရတနာသီရိအိမ်ရာ၊ (၇၆)လမ်းမကြီး၊ (၃၃)လမ်းနှင့် (၃၄)လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၇၉၇၂၂၈၀၂၅၊ ၀၉-၇၉၇၂၂၈၀၂၆၊ ၀၉-၄၂၁၁၀၁၉၆၇။

ပြည်တွင်းရေးရာ

# အုတ်ဖိုစု-သီလဝါရထားလမ်းပိုင်း အဆင့်မြှင့်တင်

**သန်လျင် ဒီဇင်ဘာ ၁၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစေရန်နှင့် ရထားသံလမ်းများ ကြံ့ခိုင်စေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရထားသံလမ်းဆက်ကြောင်းများကို ဆွဲညှိခြင်း၊ ကွန်ကရစ်ဇလီဖားတုံးအသစ်များကို တိုးမြှင့်ထည့်သွင်းခြင်း၊ လမ်းခင်းကျောက်များကို ကျင်းအလိုက် ထည့်သွင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထို့ကြောင့် တစ်ရက်လျှင် ခရီးစဉ်အသွားအပြန် ခေါက်ရေ လေးခေါက်ပြေးဆွဲပေးနေသည့် ရန်ကုန်-တိုးကြောင်ကလေး - အုတ်ဖိုစု - သီလဝါဘူတာ ရထားပြေးဆွဲရာလမ်းကြောင်းရှိ ရထားသံလမ်းခရီးအရှည်မိုင် ၈ ဒသမ ၃၃ မိုင်ရှိသော အုတ်ဖိုစုဘူတာနှင့် သီလဝါဘူတာကြားရှိ ရထားသံလမ်းတစ်လျှောက်ကို သံလမ်းများဆွဲညှိခြင်းနှင့် ကွန်ကရစ်ဇလီဖားတုံးများအား ယခင်သံလမ်းအရှည် ၃၉ ပေ သုည လက်မဆက်ကြောင်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖားတုံး ငါးတုံးနှုန်းသုံးစွဲရာမှ ယခုအခါ ၁၆ တုံးနှုန်းအထိ တိုးမြှင့်ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ကွန်ကရစ်ဇလီဖားတုံးစုစုပေါင်း ၁၁၀၉၈ တုံး ထည့်သွင်းဆောင်ရွက်နေရာ ယခုအခါ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်းအတွက် ရထားသံလမ်းအရှည် ၈ ဒသမ ၃၃ မိုင်အား လမ်းခင်းကျောက် ၁၂၄၉ ဒသမ ၅၀ ကျင်း ထည့်သွင်းရန် လျာထားဆောင်ရွက်လျက်ရှိပြီး မိုးရာသီမြေနိမ့်ကျွံလမ်းပိုင်းများအတွက်လည်း သဲကြမ်းကျင်းပေါင်း ၃၀၀ ခန့် ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။ မြေနိမ့်ရှိကျဉ်းသော နေရာများအား Back Hole စက်ကြီးများဖြင့် ဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးရာသီရေဝပ်သော နေရာများအား Back Hole စက်ကြီးများဖြင့်ပင် လမ်းဘေးရေမြောင်းတူးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရထားလမ်းပိုင်းအတွက် ရထားလမ်းပိုင်းများ မြောက်မ၍ ပက်ကင်ရိုက်ခြင်း၊ ကျောက်ဖြည့်ခြင်းလုပ်ငန်းများပြီးစီးပါက လာမည့် ၂၀၁၅ ခုနှစ် မတ်လအကုန်တွင် အုတ်ဖိုစု-သီလဝါလမ်းပိုင်းအား လက်ရှိ ရထားပြေးဆွဲချိန် တစ်နာရီလျှင် ၁၅ မိုင်နှုန်းအစား မိုင် ၃၀ နှုန်းသို့ တိုးမြှင့်ပြေးဆွဲပေးသွားရန် စီစဉ်ထားရာ ရန်ကုန်ဘူတာကြီးမှ သီလဝါဘူတာသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သီလဝါစီးပွားရေးဇုန်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ဝန်ထမ်းများအပါအဝင် လုပ်သားများမှာလည်း အဆိုပါရထားအား အသုံးပြု၍ အဆင်ပြေလွယ်ကူတော့မည်ဖြစ်ကြောင်းနှင့် ယင်းရထားလမ်းပိုင်းမှာ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း (MLA)**



**အုတ်ဖိုစု - သီလဝါဘူတာအကြား ရထားသံလမ်းဆက်ကြောင်းများ ဆွဲညှိခြင်းနှင့် ကွန်ကရစ်ဇလီဖားတုံးအသစ်များ လဲလှယ်ထားစဉ်။**

# အောင်ဇေယျတံတားအဆင်း ဆီဘောက်ဆာယာဉ် မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျတံတားအောက် စက်သုံးဆီအရောင်းဆိုင်တွင် ယနေ့ မွန်းလွဲပိုင်းက ဆီဘောက်ဆာယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီ ၃ မိနစ်ခန့်က အဆိုပါ စက်သုံးဆီဆိုင်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်နေ ယာဉ်မောင်း နန်းအောင် (၃၄) နှစ် မောင်းနှင်သည့် 5F--- NISSAN DIESEL အမျိုးအစား ဂါလန် ၃၈၀၀ ဆံ့ ဆီဘောက်ဆာယာဉ်ပေါ်သို့ ယာဉ်နောက်လိုက်ဖြစ်သူ နိုင်မျိုးလင်း(၂၁)နှစ် နွားထိုးကြီးမြို့နယ်နေသူမှ ဒီဇယ်ဆီများဖြည့်သွင်းစဉ် အောက်တိန်းဆီဖြင့် အသုံးပြုထားသော ဘောက်ဆာအား အပ်ကြိုးမချမိဘဲ ဆီဖြည့်သွင်းခဲ့ရာမှ အောက်တိန်း ဆီတွန်းကန်ကာ ဆီဘောက်ဆာပွင့်၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်ရာသို့ မီးသတ်ယာဉ်များနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်မီးလောင်မှုဖြစ်ပွားရာတွင် ယာဉ်နောက်လိုက်ဖြစ်သော နိုင်မျိုးလင်းမှာ မီးလောင်ခံခဲ့ရ၍ သေဆုံးသွားခဲ့ကြောင်း သိရပြီး မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ယာဉ်မောင်းနန်းအောင်အား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄ဝ)**



# နေပြည်တော် စည်ပင်သာယာရေးကော်မတီ အခြေခံစားကုန်များ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ စမတောင်တော်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ အခြေခံစားသောက်ကုန်(ဆန်၊ ဆီ၊ ပဲ၊ ဆား) လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက စမတောင်ရှိ အောင်ဇမ္ဗူဗိမာန်၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီကိုယ်စား နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးဝင်းနိုင်၊ လယ်ဝေးမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ၊ အလှူရှင်များ ပါဝင်လှူဒါန်းကြောင်း သိရသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စမတောင်တော်ရှိ ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ ၂၀၁၂ ခုနှစ် မေလမှစ၍ တစ်လလျှင် ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၃၀၊ ပဲ ပိဿာ ၅၀၊ ဆားပိဿာ ၃၀ အား လစဉ်လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းမှုမှာ (၃၂)ကြိမ်မြောက်ဖြစ်သည်။

ထို့ပြင် စမတောင်တော်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းရှိ မိဘမဲ့ကျောင်းသား ကျောင်းသူ ၄၀၀ အတွက် နေထိုင်စားသောက်ရေး၊ ပညာသင်ကြားစရိတ်နှင့် ကျောင်းဝတ်စုံအတွက် ငွေကျပ် ၂၀၀ ဒသမ ၃၅ သိန်း၊ ပညာရေးငွေပဒေသာပင် သိန်း ၃၀၀၊ အလျား ၉၅ ပေ၊ အနံ ၇၂ ပေရှိ သုံးထပ်စာသင်ကျောင်းဆောင်အတွက် ငွေကျပ် ၇၉၉ ဒသမ ၄၀ သိန်း ကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ရုံမက အလျား ၉၁ ပေ၊ အနံ ပေ ၄၀ရှိ စားဖိုဆောင်ကိုလည်း ၆၁၅ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။ ထို့ပြင် ၂၉ ဒသမ ၇၀ သိန်းတန်ဖိုးရှိ ထမင်းစားစားပွဲ ၃၄ လုံးနှင့် ထိုင်ခုံ ၈၄ လုံးကိုပါ လှူဒါန်းခဲ့သည်။ စမတောင်တော်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ ယနေ့ထိလှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၂၆၄ ဒသမ ၆၃ သိန်းဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**


တော်ဝင်နန်းထိပ်ထား ခရီးသွားလုပ်ငန်း 09-450043394,09-73131914, 09-252630799,09-5099340

တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၄ ညအိပ် ၅ ရက်)(Dec24)

မန္တလေး-ပြင်ဦးလွင်(ပန်းပွဲတော်) (၃ ညအိပ် ၄ ရက် (Dec24)

ဘားအံ-ကရင်ပြည်နယ်-သထုံ (နေ့ချင်းပြန်)

ကျိုက်ထီးရိုး (နေ့ချင်းပြန်)

ပြည်-အကောက်တောင် (နေ့ချင်းပြန်)

တောင်ငူ-ပသီချောင်း-နော်ဘူဘောတောင် (နေ့ချင်းပြန်)

ကုမ္ပဏီအသင်းအဖွဲ့များနှင့်မိသားစုများအတွက်သီးသန့် Package ခရီးစဉ်များဆောင်ရွက်ပေးပါသည်



မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့ဒဂုံမြို့သစ်

(အရှေ့ပိုင်း၊ဆိပ်ကမ်း

တောင်ပိုင်း၊ မြောက်ပိုင်း)

မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

-၀၉-၄၄၈၀၂၅၇၄၂

၀၉-၄၂၀၁၀၇၀၂၁

၀၉-၇၃၂၃၄၆၅၆



အင်္ဂလိပ်စာ

အခြေခံမှ အဆင့်မြင့်တန်းအထိ သဒ္ဒါ၊ အရေး၊ အဖတ် အပြော(အသံထွက်)ဘာသာပြန် 5 Skills

ALL ENGLISH

Mr. SUNNY

ဆိုင်ကြီးများတွင်မေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၈၃၅






........ အသစ်ဖန်တီးရတာကို ကျွန်တော်ကနှစ်ခြိုက်သည်။ ကျွန်တော့်ဝတ္ထုတိုအများစုသည် သမားရိုးကျပုံသဏ္ဌာန်မှ လမ်းခွဲထွက်သော တင်ပြပုံအသစ်၊ သဏ္ဌာန်အသစ်တွေ ဖြစ်နေတာ စာဖတ်သူအများသတိပြုမိမည်ထင်ပါသည်။ ထိုပုံသဏ္ဌာန်မျိုးကိုပင် လက်ခံဖတ်ရှုအားပေးနေသောပရိသတ်ရှိသည့်အတွက်လည်း ကျွန်တော်ဝမ်းမြောက်ရပါသည် ... (အမှာစာမှ)

သစ္စာနီဟုအမည်ရှိသောသူ

ရေးသည့်စာနှင့်ဝတ္ထုတိုစု

City Mart, TAB နှင့် စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။ ရသစာအုပ်တိုက် - ဖုန်း - ၀၉ ၅၄၀၉၃၂၂၊ ၀၉ ၄၂၁၁ ၆၇ ၂၃၃

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသနိုင်ရန် အလှူငွေများပေးအပ်



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအားခွဲစိတ်ကုသရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး **(Training Center)**၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျန်းမာရေးကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ အောက်ခြေအဆင့်အထိ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းအင်အားများဖြည့်ဆည်း ခန့်ထားပေးခြင်းများအပါအဝင် ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးဝါးဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနတစ်ခုတည်းမဟုတ်ဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ဦးဆောင်မှုနှင့်အတူ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ် အထူးကုဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စံနိုင်အား ခွဲစိတ်ကုသမှုအတွက် ဆေးဝါးကုန်ကျစရိတ်ပေးအပ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ခွဲစိတ်ဆရာဝန်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့သည်။

ဆက်လက်၍ အလှူရှင်များက ငွေကျပ်စုစုပေါင်း ၁၂၀ သိန်း ငါးသောင်းလှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးတို့က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ခွဲစိတ်ကုသမှုခံယူနေသည့် လူနာများအား လှည့်လည်ကြည့်ရှုခဲ့သည်။

မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် ၂၀၀၂ ခုနှစ်မှစတင်၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအားရှာဖွေ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အခမဲ့ခွဲစိတ်မှုများ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ၇၂ ဦးရှိကြောင်း သိရသည်။

**(သီသီမင်း)**

## သယ်န်းကျွန်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်(အရှေ့ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် သံသုမာလမ်း ဆောင်းသဇင်တည်းခိုခန်းရှေ့တွင်တွေ့ရှိသူ အေးချမ်းအောင်အားရှာဖွေရာ ၎င်းလွယ်ထားသောအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အေးချမ်းအောင် တည်းခိုသည့် ဆောင်းသဇင် တည်းခိုခန်း အခန်းအမှတ် (၄၀၃)ကို ဝင်ရောက်ရှာဖွေရာ အတူတည်းခိုနေသူ မျိုးညွန့်အားတွေ့ရှိပြီး ၎င်းထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ အိပ်ခန်းခုတင်အောက်ရှိ ရှူးဖိနပ်တစ်ရံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ တို့အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



**အေးချမ်းအောင်နှင့် မျိုးညွန့်တို့နှစ်ဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## မိုင်းဆတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြား သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က မိုင်းဆတ်မြို့နယ် ဝိန်းဝိုင်ကျေးရွာအုပ်စု ဝိန်းဝိုင်ကျေးရွာနေ မမီယဲ့(ခ)ဘူယဲ့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ထဘီခါးလိပ်အတွင်းမှ ဖန်ပုလင်းဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၆ ပြား၊ အိပ်ခန်းခုတင်ပေါ်မှကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြားကို သိမ်းဆည်းရမိသဖြင့် မမီယဲ့(ခ)ဘူယဲ့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ၌ ယာဉ်တိမ်းမှောက်၊ ယာဉ်မောင်းသေဆုံး

**သရက် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအနီး ကျောက်တင်ယာဉ်တစ်စီး ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၄ ရက် နံနက် ၂ နာရီခန့်က ယာဉ်မောင်း စောနောင်(၃၀)နှစ် အောင်လံ မြို့နယ် ကသစ်ကန်ကျေးရွာ မောင်းနှင်သည့် ကျောက်သယ်ယာဉ်အမှတ် ၉၅/--- ဖောလ်အမျိုးအစား(လိမ္မော်ရောင်) ခြောက်ဘီးယာဉ်သည် မင်းတုန်းမြို့နယ် ကျောက်ကြီးကျေးရွာမှ သရက်မြို့သို့ လမ်းခင်းကျောက်များပို့ဆောင်ပြီးအပြန် သရက်-မင်းတုန်းကားလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာစဉ် သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ ၈/၃ မိုင်အရောက်တွင် လမ်းဝဲဘက်လှည်းလမ်းကြောင်းချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းမှာ သေဆုံးသွားခဲ့သည်။

**အောင်ကြီး(သရက်)**





# အားကစားသမားများ စဉ်ဆက်မပြတ်လေ့ကျင့်နိုင်ရေး အားကစားကွင်းနှင့် အားကစားရုံများ အဆင့်မြှင့်တင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အားကစားသမားများ လေ့ကျင့်မှုစဉ်ဆက်မပြတ်စေရေးနှင့် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အားကစားကွင်းနှင့် အားကစားရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်အတော်များများက အားကစားကွင်းနဲ့ အားကစားရုံတွေမှာ ပြုပြင်မွမ်းမံသူမရှိတော့ ပေါင်းမြက်တွေပေါက်နေတာ တွေ့ရပါတယ်။ ထူးချွန်တဲ့ အားကစားသမားကောင်းတွေ ပေါ်ထွက်လာစေဖို့ အားကစားဆိုင်ရာ အခြေခံအဆောက်အအုံတွေ မရှိမဖြစ် အရေးပါသလို ကောင်းမွန်နေဖို့လည်း အရေးကြီးပါတယ်။ အဲဒီလို အားကစားကွင်းနဲ့ အားကစားရုံတွေပြုပြင်ပြီးလို့ အားကစားပစ္စည်းတွေ စုံလင်အောင် ဖြည့်စွက်ပြီးရင် အားကစားသမားတိုင်း စဉ်ဆက်မပြတ်လေ့ကျင့်သွားဖို့ တိုက်တွန်းပါတယ်" ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

အားကစားကွင်းနှင့် အားကစားရုံများ အဆင့်မြှင့်တင်မွမ်းမံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်မှချပေးသည့် ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ စဉ်ဆက်မပြတ် အားကစားလှုပ်ရှားမှုရှိသော မြို့နယ်များအလိုက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကာ ယခုအခါတွင် နေပြည်တော်တပ်ကုန်းမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းရှိ သီဟဒီပအားကစားကွင်းကို တွေ့ရစဉ်။

အားကစားကွင်းနှင့် အားကစားရုံများ အဆင့်မြှင့်တင်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုများ ရရှိကာ ကျန်းမာကြံ့ခိုင်သော လူမျိုးများဖြစ်ရေးကိုဦးတည်ကာ ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရေတိုရေရှည်ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-နေသစ်ဦး)**

# ဘိုင်ယန်၊ ချယ်လ်ဆီးနှင့် ဂျူဗင်တပ်တို့ ချန်ပီယံများဖြစ်လာမည်ဟု နီကိုကိုဗက်ပြောကြား

ဘိုင်ယန်မြူးနစ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ချန်ပီယံအသင်းများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ခရိုအေးရှားအသင်းနည်းပြ နီကိုကိုဗက်က သုံးသပ်ပြောကြားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် အကောင်းဆုံးရလဒ်များ ထွက်ပေါ်လျက်ရှိပြီး ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက ဘွန်ဒက်လီဂါချန်ပီယံအသင်းဖြစ်လာလိမ့်မည်ဟု နီကိုကိုဗက်က ဆိုသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းသည်လည်း လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ချန်ပီယံဖြစ်ရန် အလားအလာကောင်းနေသည့် အသင်းတစ်သင်းဟု ၎င်းက သုံးသပ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိ အီတလီစီးရီးအေပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည့်အပြင် ရလဒ်ကောင်းများထွက်ပေါ်ထားခြင်းကြောင့် စီးရီးအေချန်ပီယံဖြစ်လာလိမ့်မည်ဟု နီကိုကိုဗက်က ပြောကြားခဲ့သည်။ သို့ရာတွင် လာလီဂါပြိုင်ပွဲနှင့်ပတ်သက်၍ သုံးသပ်ချက်တစ်စုံတစ်ရာမျှ ဖွင့်ဟခဲ့ခြင်းမရှိခဲ့ပေ။

ယင်းမှာ လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိနေသော်လည်း လာလီဂါ၏ အပြောင်းအလဲမြန်ဆန်မှုကြောင့် သုံးသပ်ထားခြင်း မရှိခဲ့ပေ။ အဆိုပါသုံးသင်းအနက် ရီးယဲလ်မက်ဒရစ်အသင်းမှာ ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့မှာ ခြေစွမ်းကောင်းများရှိနေခြင်း၊ မထင်မှတ်ထားသည့် စွမ်းဆောင်ရည်များ ပြတတ်ခြင်းတို့ကြောင့် ခရိုအေးရှားနည်းပြ နီကိုကိုဗက်က လာလီဂါနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားစွာ ဝေဖန်မှုမပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



**(ငွေကြယ်)**

## ❐ခြောက်ပွဲဆက်တိုက်မှ

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ဗန်ပါစီ၊ ရွန်းနီ၊ မာတာ စသည့် ကစားသမားသုံးဦး၏သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းကို အနိုင်ရရှိလိုက်ခြင်းသည် မန်ယူအတွက် ခြောက်ပွဲဆက်တိုက်နိုင်ပွဲလည်း ဖြစ်လာခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းသည် ဗန်ပါစီ၊ ရွန်းနီ၊ မာတာ၊ ဗလင်စီယာ၊ အက်ရှ်လေယန်း၊ ဖယ်လိုင်နီ၊ ကာရစ်၊ ဖီးလ်ဂျုံးစ် စသည့်ကစားသမားများကို ၃-၄-၁-၂ မဟာဗျူဟာကို အသုံးပြုကာ ပွဲထွက်ကစားခဲ့ပြီး လီဗာပူးအသင်းသည် စတာလင်၊ ကော်တင်ဟို၊ လယ်လာနာ၊ ဂျာရတ်၊ ဟန်ဒါဆန် စသည့် ကစားသမားများကို ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်တွင် ဗလင်စီယာ၏ ဖန်တီးပေးမှုဖြင့် တိုက်စစ်မှူးရွန်းနီက မန်ယူအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ အဆိုပါသွင်းဂိုးသည် လီဗာပူးအသင်း၏ ဂိုးဧရိယာနှင့် ၁၆ ကိုက်အကွာမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ပွဲကစားချိန် မိနစ် ၄၀ တွင် ကွင်းလယ်ကစားသမား မာတာက ခေါင်းတိုက်ဂိုးသွင်းယူခဲ့ရာ ပထမပိုင်းပြီးချိန်တွင် မန်ယူအသင်းက လီဗာပူးအသင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲစပြီးနောက် လီဗာပူးအသင်းသည် မန်ယူအသင်း၏ အိမ်ကွင်းတွင် ချေပဂိုးပြန်လည်ရရှိရေးအတွက် အဒမ်လယ်လာနာ၏ နေရာတွင် တိုက်စစ်မှူး ဘာလော့တယ်လီကိုလည်းကောင်း၊ အယ်လ်ဘာတိုမိုရီနို၏ နေရာတွင် မာကိုဗစ်ကိုလည်းကောင်း ထည့်သွင်းကစားစေခဲ့သော်လည်း ချေပဂိုးရရှိနိုင်မည့်အခွင့်အရေးနှင့် လွဲခဲ့ရသည်။ မန်ယူအသင်းသည်လည်း နောက်ထပ်ဦးဆောင်ဂိုးများ ထပ်မံရရှိရေးအတွက် ဂျိမ်းစ်ဝီလ်ဆင်၏ နေရာတွင် ဟာရဲရားကို ထည့်သွင်းကာ ကစားအားကိုမြှင့်တင်ခဲ့ပြီး ပွဲကစားချိန် ၇၁ မိနစ်တွင် တိုက်စစ်မှူး ဗန်ပါစီက မာတာ၏ ဖန်တီးပေးမှုကို ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်း တတိယမြောက်ဦးဆောင်ဂိုး ရရှိခဲ့သည်။

လီဗာပူးအသင်းသည် ချေပဂိုးများ ရရှိနိုင်မည့်အခွင့်အရေးများ ရရှိခဲ့သော်လည်း တိုက်စစ်မှူး စတာလင်၏ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ချေပဂိုးမရရှိခဲ့သည့်အပြင် မန်ယူအသင်း၏ အိုးထရက်ဖို့ဒ်ကွင်းကြီးထဲတွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မန်ယူအသင်းသည် နိုဝင်ဘာ ၈ ရက်နေ့က ခရစ္စတယ်ပဲလေ့အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်မှ စတင်ကာ အာဆင်နယ်၊ ဟားစီးတီး၊ စတုတ်စီးတီး၊ ဆောက်သမ်တန် စသည့်အသင်းများကို အနိုင်ရရှိခဲ့ သည့်အပြင် ယခုလီဗာပူးအသင်းကို ထပ်မံအနိုင်ရရှိလိုက်ခြင်းကြောင့် မန်ယူအသင်းသည် ခြောက်ပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့သည်။ မန်ယူအသင်းသည် ခြောက်ပွဲဆက်တိုက် အနိုင်ရရှိခဲ့ခြင်းကြောင့် ပွဲစဉ်(၁၆)အပြီးတွင် ရမှတ် ၃၁ မှတ် ရရှိကာ အမှတ်ပေးဇယား၏ အဆင့်(၃)နေရာကို ဆက်လက်ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိ ပွဲစဉ်(၁၆)အပြီးတွင် ဒုတိယနေရာမှ မန်စီးတီးအသင်းကိုမီရန် ငါးမှတ်သာလိုတော့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းကိုမီရန် ရှစ်မှတ်သာလိုတော့သည်။

**(နိုင်လင်းကြည်)**

# တောရက်စ်နှင့် စာချုပ်သက်တမ်း တိုးမြှင့်ခြင်းမပြုတော့ရန် အေစီမီလန်စီစဉ်

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၏ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။ တောရက်စ်မှာ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ကာလတိုအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင်ပုံမှန်ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် အေစီမီလန်အသင်းမှာ တောရက်စ်အား စာချုပ်သက်တမ်းတိုးမြှင့်တော့မည်မဟုတ်ဘဲ ၎င်းနေရာတွင် အခြားတိုက်စစ်မှူးတစ်ဦးကို အစားထိုးခေါ်ယူသွားဖွယ်ရှိကြောင်း goal.com က ဖော်ပြခဲ့သည်။

အေစီမီလန်အသင်းမှာ ပြီးခဲ့သည့်နွေရာသီက ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ခြေစွမ်းပြသနိုင်ခဲ့ပါက လာမည့်ဇန်နဝါရီကာလတွင် အပြီးသတ်ခေါ်ယူရန် စီစဉ်ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် တောရက်စ်မှာ အေစီမီလန်အသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး အသင်းအတွက် စုစုပေါင်းကိုးပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် အေစီမီလန်အသင်း နည်းပြ အင်ဇာဂီက "ကျွန်တော်တို့ တောရက်စ်ကို အသင်းမှာဆက်ထားဖို့မသေချာပါဘူး၊ သူ့နေရာမှာအစားထိုးဖို့အတွက် နောက်ထပ်တိုက်စစ်မှူးတစ်ယောက်ကို ခေါ်ယူသွားမှာပါ။ သေချာတာကတော့ လာမယ့်ဆောင်းရာသီမှာ ထိပ်တန်းအဆင့်တိုက်စစ်မှူးတစ်ဦး မဖြစ်မနေခေါ်ယူဖို့ ရှိပါတယ်"ဟု ပြောကြားသွားသည်။ တောရက်စ်အား စပိန်လာလီဂါကလပ်များက ခေါ်ယူရန်စီစဉ်နေပြီး ၎င်း၏ကလပ်အသင်းဟောင်းဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

**(ကိုရဲ)**

လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)
ခေတ်နဲ့အမီ သင့်ရဲ့လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...
HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက်...
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
27-12-2014 စမည်။
Every Sat : 2 pm to 5 pm (2 Months)
Limited Seats !
မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်း အသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။


Lecturer
ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)
ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။
Campus 1 - 209 (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Can Contact : 548500, 095010014, 098628594, 0943121060, 0932350785 Fax : 548500
website : www.lynnthaiknyunt.com facebook : www.facebook.com/mlinstitue www.facebook.com/ltnmyanmarland

ပလုတ်တုတ်
ကလေးဂျာနယ်
ဝက်ဝံဖြူလေး ဗိုလုံဗိုရဲ့ ပိစိကွေး
တုံတုံနဲ့ဆုံဆုံရဲ့ လေယာဉ်စီးတဲ့ဖိုးဂျင်
ဘော်ဘော်ရဲ့ မေတ္တာလျှမ်းသ
ဘတ်စကတ်ဘောကြယ်ပွင့်
Blake Griffin ၊ Game Section
ဆေးရောင်လှလှခြယ်ရအောင်၊ ချစ်စရာပုံတူဆွဲပွဲ
စသည့်ကဏ္ဍပေါင်းများစွာနှင့်


တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မဖြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ထွက်ပြီ။
၁,၂၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

## ကြော်ငြာ


UNIQUE TRAVELS & TOURS CO.,LTD. **UNIQUE STAR** TRAVELS & TOURS

ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Dec: 13,20,27/ Jan:3,10,17,24,31 (300,000)

ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Dec: 13,27/ Jan: 10,24 / Feb :14,28 / Mar :14,28 (400,000)

ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် ဒူဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်

No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

UNIQUE TRAVELS & TOURS CO.,LTD.
တောင်ကြီး Dec:24 (165,000)
ပုဂံ၊မန္တလေး Dec:24 (165,000)
ချောင်းသာ Daily (75,000)
Dec:24 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)



### ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရိပ်သာ မဝင်နိုင်သူများအတွက် မိသားစုတာဝန်ထမ်းဆောင်ရင်း၊ စီးပွားလုပ်ကိုင်ရင်း၊ မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရုပ်၊ နာမ်၊ ကံ ဂင်္ဂသုံးပါး၊ သတိပဋ္ဌာန် လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာအကြောင်းတို့ကို ဆရာဦးမျိုးမြင့်ထွန်း က မွေ့ဒါန (၁၀ ရက်သင်တန်း) သင်ကြားပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

နေ့ရက် - ဒီဇင်ဘာလ (၁၆) ရက် မှ ဒီဇင်ဘာလ (၂၅) ရက်နေ့
အချိန် - ညနေ (၅:၀၀) နာရီ မှ ည (၈:၃၀) နာရီ (နာရီဝက် နားချိန်ပေးပြီး အာဟာရဒါန ကျွေးပါမည်။)
နေရာ - ၃၅-လမ်း (အထက်)၊ မမွေ့ရုံသီ မမွာရုံ၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ဆရာဦးမျိုးမြင့်ထွန်း ၀၉-၄၂၀၁၈၅၁၀၆၆၊
(အထောက်အကူပြုအဖွဲ့) ကိုဇော်မိုးလွင် - ၀၉-၅၁၁၅၇၂၄၄၊ မအိမွန် - ၀၉-၅၁၈၅၁၇၈၂၊ မသီတာ - ၀၉-၅၀၃၁၃၂၇



**ချစ်ပိုင်သစ္စာ** 562829,09-73198239 569782,09-450006779
* ပုဂံ(ဓွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ

အပတ်စဉ်ထွက်သည် — ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
အဝေးပြေးအားလပ်ရက်များ ဝယ်ယူနိုင်ပါသည်။
www.chitpaithitsar.blogspot.com



**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008 707062, 09-861-7770



**မျိုး** 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။



**မင်္ဂလာပါ** Fully Air-con Express
အလောင်းတော်ကဿပ(သီးသန့်) 35000
ပုဂံ(ဓွယ်တော်လေးဆူ)၊ ပုပ္ပါး 35000
တောင်ကြီး၊ အင်းလေး၊ ထမ့်ဝမ်း 45000
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
01-387973,09-420051117



**ရွှေထိပ်တန်း**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
စီးလုံးငှား လက်ခံသည်
01-701015,09-5403844
01-710436,09-5044830



အမှတ်စဉ် ၈၉၄ **စျေးကွက်** ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
■ မြန်မာ့အိမ်ခြံမြေဈေးကွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို စိန်ခေါ်နေသလား
■ သွေးသည်အသက် အသက်သည်ငွေ
■ မျိုးဆက်သစ်တွေ အဆိုးအပျက်မဖြစ်စေနဲ့

**စစ်အေးခေတ်ဝင်နေပြီလား**

* မိုဘိုင်းလ်ဖုန်းနှင့် လက်တစ်ကမ်းအကွာက ဘေးအန္တရာယ်များ
* ရေဝတီအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာ သန်း ၁၀၀ ချေး
* ပုဂ္ဂလိကကဏ္ဍအတွက် IFC က ဒေါ်လာ တစ်ဘီလီယံထိ တိုးမြှင့်ပံ့ပိုး
* ဆိုင်ခန်းငှားရမ်းခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမည်
* တရုတ်၊ ဟောင်ကောင်၊ စင်္ကာပူ၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်၊ ဗြိတိန်၊ အိမ်ခြံမြေ သတင်းများနှင့် သုတ ရသ ဆောင်းပါးများ

SPECIAL REPORT

အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...



**ဒေါက်တာဇော်ဝင်းသိန်း** (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင်-CPA)
Doctor of Business Administration (UK), MBA (USA), CMgr MCMI, ACMA, CGMA, FABE, FCCA, CPA (Aust.)

# ACCA (UK)

(Global Body for Finance Professionals)

B.Com, CPA အောင်မြင်ပြီး သူများအတွက်

**Jan 2015 Intake (for June 2015 Exams)**

**ACCA (ALL PAPERS) & Dip IFR**

LCCI အောင်မြင်ပြီး သူများအတွက်

စတင်လေ့လာမည့်သူများ နှင့် ထူးချွန်သူများအတွက် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်မည်။

★ ဘာသာရပ်အားလုံးကိုတစ်နေရာထဲတွင်ထိရောက်စွာသင်ယူနိုင်ပါပြီ။
★ ဆရာကိုယ်တိုင်သင်ကြားပေး၍
ACCA Affiliate အများဆုံးမွေးထုတ်ပေးနေသော

Enroll Now!

**ZAW BUSINESS SCHOOL**

☎: 299288, 📱: 0950-13589, 📱:0950-74974
၅၆ (ပ ထပ်)၊ ရေကျော်လမ်း (ရွှေဘုန်းပွင့်စေတီတော်အနီး)၊ ပုဇွန်တောင်။






**ဦးအောင်ဟိန်းကျော်**
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
**အင်္ဂလိပ်စာရေးနည်း** (အခြေခံ / အဆင့်မြင့်)
**အင်္ဂလိပ်စကားပြော** သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468 09517171841




# မိုင်းဖြတ်တွင် ဘိန်းအစားထိုးနှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်

**မိုင်းဖြတ်၊ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက နမ့်ပန်ကျေးရွာအုပ်စု နမ့်ပန်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်းလွင်က ဘိန်းအစားထိုး နှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်နှင့် နှစ်စဉ်ဆက်လက် ထောက်ပံ့ပေးအပ်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးသန်းထွန်းလွင်နှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက ဘိန်းအစားထိုးနှစ်ရှည်သီးနှံ လက်ဖက်ပျိုးပင် ၈၄၀၀ နှင့် လိုက်ချီးပျိုးပင် ၆၀၀ ကို ထောက်ပံ့ပေးအပ်ရာ နမ့်ပန်၊ ငါးဟင်၊ အားမောဒေ၊ ကြူးစီ၊ နန်းဝိုးထောင်၊ မာထောင်နှင့် နန့်ပေါ်ဒီကျေးရွာများမှ ဒေသခံတောင်သူများ ကိုယ်စား ကျေးရွာအထောက်အကူပြုကော်မတီဝင်များက လက်ခံရယူပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပူပါလောင်း၊ မိုင်းရှီးနှင့် ဟတ်ပီးပါ ကျေးရွာရှိ ဒေသခံတောင်သူများနှင့် သွားရောက် တွေ့ဆုံပြီး ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် နမ့်ပန်-ပူပါလောင်း ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင်နှင့် ပူပါလောင်း-ဟာပီးပါ ကျေးရွာချင်းဆက် မြေသားလမ်း နှစ်မိုင်ကို ဖောက်လုပ်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ယဉ်ဝင်း(ပြန်/ဆက်)**

# မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဝမ်းတွင်း၊ ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးကျင်းပသော မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ဝမ်းတွင်းမြို့နယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးသဲက အမှာစကားပြောကြားပြီး မူကြိုကလေးငယ်များက ကဗျာများသီဆိုပြီး ပြိုင်ပွဲကိုဖွင့်လှစ်ခဲ့သည်။

ပြိုင်ပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမူကြို၊ ရွှေသွေးမူကြို၊ လူမှုဝန်ထမ်းမူကြို၊ သဲတောမူကြို၊ နဘဲကန်ကျေးရွာမူကြိုနှင့် ဘုရားစုကျေးရွာမူကြိုတို့မှ ကလေးငယ်များက ကစားနည်း ၁၀ မျိုးဖြင့် ယှဉ်ပြိုင်ကစားကြသည်။

ယင်းနောက်ဆုရရှိသောမူကြိုတို့အား တာဝန်ရှိသူများကဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဒွေးလှိုင် (ပြန်/ဆက်)**

# ချင်းရွှေဟော်၌ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**ချင်းရွှေဟော်၊ ဒီဇင်ဘာ ၁၄**

မိုးပွင့်အဆင့်(၇)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးဌာနမှူး ဦးကိုကိုစိုးက နိုင်ငံသားအရည်အချင်းနှင့်ပြည့်မီသူများကို မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိရန် အထောက်အထားတစ်ခုဖြစ်ကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံသားအရည်အချင်းနှင့်ပြည့်မီသူ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားကို ခရိုင်ဦးစီးဌာနမှူးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# မြောက်ယမားချောင်းသဲသောင်၌ ကြက်သွန်နီစိုက်ပျိုးမှုများလာ

**ယင်းမာပင်၊ ဒီဇင်ဘာ ၁၄**



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာမှ တောင်သူများသည် မြောက်ယမားချောင်းကို အမှီပြုပြီး ပွင့်လင်းရာသီအချိန်၌ မြောက်ယမားချောင်း သဲသောင်ပြင်မြေများတွင် ဒသမ ၃၀ ခန့် အချိုးကျခွဲဝေကာ ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ကြက်သွန်နီ စိုက်ပျိုးမှု များပြားလာကြောင်းသိရသည်။

"ယခု ကျွန်တော်က သဲသောင်မြေ ဒသမ ၃၀ ခန့်ကို ကြက်သွန်နီစိုက်ပျိုးမှာပါ။ မျိုးအနေနဲ့ ကြက်သွန်ဥကို တစ်တောင်းခွဲအထိ တိုက်ရိုက်စိုက်ပါတယ်။ တချို့က မျိုးစေ့ကို နှစ်ဘူးအထိ ကြဲပက်စိုက်ပျိုးပါတယ်။ သီးထပ်သီးညှပ်အဖြစ်လည်း ပဲတီစိမ်းကိုလည်း နှစ်ဘူးအထိ ရောနှောစိုက်ပျိုးကြပါတယ်။ ကုန်ကျမှုက မိရိုးဖလာအရ နွှောက်ချေးလှည်းငါးစီး၊ မြေဩဇာပုလဲဖြူ ရှစ်ပြည်၊ ရေက အနည်းဆုံး နှစ်ကြိမ်မှ လိုသလို ပက်ဖျန်းပေးရပါတယ်။ စိုက်ပျိုးရာမှာ တစ်မနက်ခင်းအပြတ် ၁၀ ဦးလောက် ငှားစိုက်ပျိုးရပါတယ်။ လုပ်အားခက တစ်ဦးကို ငွေကျပ်တစ်ထောင် ပေးရပါတယ်။

"ယခင်နှစ်ကလည်း ယခုလိုအတိုင်း စိုက်ပျိုးပါတယ်။ အခုတော့ ကြက်သွန်နီကို ကုန်းရောသဲပါ စိုက်ပျိုးမှုများပါတယ်။ကုန်းကြက်သွန်နီက သဲကြက်သွန်နီထက်အထွက်နှုန်းနည်းပါတယ်။ ယခင်နှစ်က သဲကြက်သွန်နီ ပိဿာ ၇၀၀ ကျော်ထွက်ရှိပါတယ်။ ဈေးနှုန်းက တစ်ပိဿာကိုငွေ ကျပ် ၃၅၀ မှ ၄၀၀ အထိ ရရှိပါတယ်။ အနည်းဆုံးအမြတ်ငွေ ကျပ်နှစ်သိန်းကျန်လို့ အဆင်ပြေပါတယ်။

"ယခုလက်ရှိ ပေါက်ဈေးကတော့ ငွေကျပ် ၂၀၀ ရှိပါတယ်။ ကျွန်တော်တို့လို သဲမှာစိုက်တဲ့ တောင်သူများအနေနဲ့တော့ အရှုံးမဖြစ်နိုင်ပါဘူး။ ကုန်ကျမှုစရိတ်က ကုန်းမှာစိုက်တာထက် အရင်းအနှီးနည်းပါတယ်။ အထူးသဖြင့် ယင်းမာပင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအများစုဟာ သဲသောင်ပြင်များတွင် ကြက်သွန်နီကို အလေးထားစိုက်ပျိုးသူများပါတယ်" ဟု ဇီးတောကျေးရွာမှ တောင်သူ ဦးကျော်မြင့်က ပြောသည်။

ယမားချောင်းသည် ဒေသခံများအတွက် အလွန်အကျိုးပြုသော ချောင်းဖြစ်ပြီး ဆောင်းရာသီ သဲသောင်ပေါ်ချိန်တွင် ယင်းသဲသောင်ပေါ်၌ ဆောင်းသီးနှံများစိုက်ပျိုးကာ ဒေသခံများ ဝင်ငွေရှာကြသည်။ မိုးတွင်းကာလတွင် ယမားချောင်းသည် ရေကြီးပြီး ကမ်းပါးအနည်းငယ်ပြိုသည့်ဒဏ်ကို ဒေသခံများခံရကြောင်း သိရသည်။

မြောက်ယမားချောင်း သဲသောင်ပြင်တွင် ကြက်သွန်၊ ပဲ၊ ငရုတ်အပြင် သီးပင်စားပင်များအဖြစ် ဘူး၊ သခွား၊ ခရမ်း၊ ပင်စိမ်း၊ မုန်လာ၊ ခရမ်းချဉ်၊ ချဉ်ပေါင်စသည့် လက်စိုက်ခင်းများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

Myanmar Tourism Services Co., Ltd.
your premium travel specialist

သင့်ရဲ့အကောင်းဆုံးခရီးသွားအဖော်မွန်

| | | |
|---|---|---|
| ဗီယက်နမ်ခရီးစဉ် (ဟန္တိုင်း-ဟလောင်းဘေး) | (3N / 4D) | 24 Dec / 14 Jan |
| ဗီယက်နမ်ခရီးစဉ် (ဟန္တိုင်း-ဟိုချီမင်း) | (4N / 5D) | 23 Dec / 15 Jan |
| ဗန်ကောက်ခရီးစဉ် (Shopping) | (3N / 4D) | 25 Dec / 21 Jan |
| ဗန်ကောက်-ပတ္တရား-အယုဒ္ဓယခရီးစဉ် | (4N / 5D) | 22 Dec / 25 Jan |
| စင်ကာပူခရီးစဉ် | (3N / 4D) | 20 Dec / 22 Jan |
| ဟောင်ကောင်-မကာအိုခရီးစဉ် | (4N / 5D) | 14 Jan / 11 Feb |

OVER 10 YEARS

မတ်လနှင့် ဧပရယ်လများအတွက် အထူး Promotion ခရီးစဉ်များ

| ဩစတြေးလျခရီးစဉ် | ဂျပန်ခရီးစဉ် | ကိုရီးယားခရီးစဉ် |
|---|---|---|
| (7N / 8D) | (7N / 8D) | (7N / 8D) |
| March / April 11 to 18 | March / April 11 to 18 | March / April 11 to 18 |

ဗုဒ္ဓဂါယာ ခရီးစဉ် - 18 Feb / 11 March / 12 April

Suite 606, 6th Floor, Yuzana Tower, No.(69), Shwe Gon Daing Road,Bahan Township,Yangon, Myanmar.
Tel : (+951) 552 762, 552 642, 09420 114476
E-mail : outbound@mtstoursmyanmar.com Facebook : www.facebook.com/myanmartourismservice

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ဆေးခေါင်းလိမ်းဆီ

ဂုဏ်မြင့်သူ

ဆံပင်သန်၊ ဆံပင်ပေါက်ဆေး




- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916)၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃)၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၀၅၈/၂၀၁၄



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၂)

**ကြိုးစားတိုးပွား**

- ❖ အလုပ်ကြိုးစားတိုးပွားဥစ္စာ၊
- ❖ လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
- ❖ ကျင့်သုံးသေချာစုဆောင်းပါက၊
- ❖ နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

သမဝါယမစနစ်သည် မြန်မာနိုင်ငံတွင် (၁၉၀၅) ခုနှစ်က စတင်ခဲ့သဖြင့် ယခုအခါ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပြီး အောင်မြင်မှုများ၊ အောင်မြင်သည့် ကာလများ ရှိသကဲ့သို့ မအောင်မြင်မှုများ၊ ဆုံးရှုံးသည့်ကာလများလည်း ရှိခဲ့ပါသည်။ အတိတ်ကာလရှိ မြန်မာ့သမဝါယမ၏ မအောင်မြင်မှု၊ ဆုံးရှုံးမှုများသည် သမဝါယမစနစ်၏ အားနည်းချက်ကြောင့်မဟုတ်ဘဲ အကောင်အထည်ဖော်သည့် လုပ်နည်းလုပ်ဟန်နည်းစနစ်နှင့် လုပ်ကိုင်ဆောင်ရွက်သူများ၏ အားနည်းချက်ကြောင့်သာဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အောက်ပါပြုပြင်ပြောင်းလဲရေး မူ(၄)ချက်၊ ဦးတည်ချက် (၂)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်ဖြင့် မူဝါဒများချမှတ်၍ စီမံဆောင်ရွက်လျက်ရှိပါသည်-

## ပြုပြင်ပြောင်းလဲရေး မူ(၄) ချက်

- ❖ အတိတ်ကအားနည်းချက်၊ ချို့ယွင်းချက်များကိုလေ့လာပြီး အလားတူမဖြစ်အောင် ပြုပြင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ❖ သမဝါယမစနစ်အောင်မြင်နေသည့် နိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကိုလေ့လာပြီး မိမိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ကျင့်သုံးဆောင်ရွက်ခြင်း၊
- ❖ သမဝါယမဝန်ထမ်းများ၊ အသင်းများ၊ အမှုဆောင်များနှင့် အသင်းသားများ၏ ပကတိအခြေအနေအမှန်ကို သိအောင်လုပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊
- ❖ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့သဘာဝ စိန်ခေါ်ချက်များကို လေ့လာပြီး တားဆီးကာကွယ်ကျော်လွှားနိုင်အောင် စီမံဆောင်ရွက်ခြင်းစသည်တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာနသည် အောက်ပါ ဦးတည်ချက်၊ လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်-

## သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက် (၂) ရပ်

- ❖ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်။
- ❖ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြု ဆောင်ရွက်ပေးရန်။

## သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းစဉ် (၅) ရပ်

- ❖ အခြေခံသမဝါယမအသင်းများဖွဲ့စည်းပြီး ပြည်သူများလိုအပ်နေသော အရင်းအနှီးရရှိစေရေးအတွက် အသေးစားချေးငွေ Microfinance လုပ်ငန်းဆောင်ရွက်ပေးရန်နှင့်
- ❖ အသေးစားချေးငွေလုပ်ငန်းအတွက် လိုအပ်သော အရင်းအနှီးများ ရရှိစေရေးအတွက် Microfinance Bank ထူထောင်ဆောင်ရွက်ရန်၊ Aids, Grant နှင့် Concessional Loan များ ရယူဆောင်ရွက်ရန်၊
- ❖ လူမှုစီးပွားဘဝမြင့်မားစေရေး အထောက်အကူပြုရန်နှင့် တိုင်းပြည်စီးပွားရေးကို ထိရောက်စွာအထောက်အကူပြုနိုင်ရန်အတွက် သမဝါယမအသင်းများကို ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ရန်၊
- ❖ သမဝါယမတက္ကသိုလ်/ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်ပေးရန်၊
- ❖ သမဝါယမသင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်။

## ဦးတည်ချက် (၂)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်၏ ဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၇)ရပ်

၁။ **အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများ ရောင်းချပေးခြင်းလုပ်ငန်း။** အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများ ရောင်းချပေးခြင်းလုပ်ငန်းကို သမဝါယမလုပ်ငန်းအားလုံး၏ အခြေခံအဖြစ် ဆက်လက်တိုးမြှင့်ဆောင်ရွက်ပါမည်။

၂။ **သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများ တိုးမြှင့်သင်ကြားခြင်း။** သမဝါယမအသင်းများကို ကုန်ထုတ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သည့် အသင်းများဖြစ်လာအောင် ဆက်လက်အဆင့်မြှင့်တင်ပါမည်။ ထို့အတူ ပြည်သူများအတွက်လိုအပ်သော အသက်မွေးဝမ်းကျောင်းပညာများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်သင်ကြားသွားပါမည်။

၃။ **ငွေကြေးအရင်းအမြစ် (Financial Network) တည်ဆောက်ခြင်း။** သမဝါယမအသင်းများနှင့် အသင်းသားများ အရင်းအနှီးငွေ အလွယ်တကူရရှိစေနိုင်မည့် ငွေကြေးအရင်းအမြစ် (Financial Network) ကို အခြေခံသမဝါယမအသင်းများနှင့် အသင်းသားများ၏စုဆောင်းငွေများကို အခြေခံထားပြီး သမဝါယမဘဏ် နှင့် Microfinance Bank တို့နှင့်ပေါင်းစပ်ချိတ်ဆက် တည်ဆောက်သွားပါမည်။

၄။ **နည်းပညာ၊ သွင်းအားစုနှင့် သတင်းအချက်အလက် အရင်းအမြစ် (Technology, Material and Information Network) တည်ဆောက်ခြင်း။** အသင်းသားများအတွက် လိုအပ်သောနည်းပညာ၊ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်ကိရိယာစသည့် သွင်းအားစုများနှင့် သတင်းအချက်အလက်များ အလွယ်တကူရရှိစေနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများကို အခြေခံထားပြီး ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်တည်ဆောက်ပါမည်။

၅။ **ကုန်ထုတ်ခြင်း၊ အရည်အသွေးစစ်ဆေးထုပ်ပိုးခြင်း၊ ထိုက်တန်သောဈေးရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဈေးကွက်သို့တင်ပို့ရောင်းချခြင်းလုပ်ငန်းစဉ် (Production, Quality Grading, Packaging, Marketing and Selling Network) ကိုတည်ဆောက်ခြင်း။** နိုင်ငံတော်သမ္မတက ညွှန်ကြားထားသည့် မျိုးစေ့ထုတ်လုပ်သည်မှ စားသုံးသည့်အဆင့်အထိ လုပ်ငန်းစဉ် (Integrated Supply Chain) ပင်ဖြစ်ပါသည်။ ၎င်း Network ကို သမဝါယမအသင်းသားများ၏ထုတ်လုပ်မှု၊ မြို့နယ်သမဝါယမအသင်းများ၏ဝန်ဆောင်မှု၊ မြို့ကြီးများရှိ သမဝါယမအသင်းစုချုပ်များ၏ ဈေးကွက်တည်ဆောက်ရောင်းချမှု (Wholesale Market) တို့ကို စုစည်းပြီး Retail ရောင်းချသူများ၊ Super Market များ၊ ဟိုတယ်များ၊ ပြည်ပတင်ပို့မှုများနှင့်ဆက်စပ်ကာ တည်ဆောက်ပါမည်။

၆။ **ဆုံးရှုံးမှု (သို့မဟုတ်) စွန့်စားရမှုကို အကာအကွယ်ပေးနိုင်မည့် (Risk Management) စနစ်တည်ဆောက်ခြင်း။** နိုင်ငံတကာ၏ဆောင်ရွက်မှုများကို လေ့လာပြီး မိမိအခြေအနေနှင့်ကိုက်ညီအောင် တည်ဆောက်ပါမည်။ ကျယ်ပြန့်သောလုပ်ငန်းစနစ်ဖြစ်၍ အချိန်ယူတည်ဆောက်ရပါမည်။

၇။ **အခြားဆက်စပ်သောကဏ္ဍ (Components) များတည်ဆောက်ခြင်း။** ဤလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (သို့) သမဝါယမလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် မပါမဖြစ်ဆက်စပ်ဆောင်ရွက်ရမည့် ပညာပေးခြင်းနှင့် စိတ်ဓာတ်ပြုပြင်ခြင်း၊ သတင်းမီဒီယာကဏ္ဍတည်ဆောက်ခြင်း၊ သင်တန်းများပေးခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီထိန်းကျောင်းခြင်း၊ စာရင်းစစ်ဆေးခြင်း၊ သုတေသနပြုခြင်းတို့ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားပါမည်။ ၎င်းလုပ်ငန်းများအတွက် ကုန်ကျမည့်ငွေကြေးကို အသေးစားချေးငွေလုပ်ငန်းက ရရှိသောဝန်ဆောင်ခ (အတိုး)များမှ မူဝါဒချမှတ်သုံးစွဲသွားရန် လျာထားပါသည်။

## အနာဂတ်မျှော်မှန်းချက်

- ❖ သမဝါယမလုပ်ငန်းများ၏ အနာဂတ်အောင်မြင်မှုအတွက် လိုအပ်သောအခြေခံများကို၂၀၁၅ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လျာထားပါသည်။
- ❖ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်သွားရန် လျာထားပါသည်။
- ❖ ချေးငွေရယူထားပြီးသော အသင်းသားဟောင်းများ၏ လုပ်ငန်းကိုစိစစ်၍ ချေးငွေကို ကျပ် (၁) သိန်းမှ (၅) သိန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် လျာထားပါသည်။
- ❖ အောင်မြင်နေသော အခြားနိုင်ငံများ၏ သမဝါယမများကဲ့သို့ မြန်မာနိုင်ငံသမဝါယမအသင်းများနှင့် အသင်းသားများကိုလည်း Sustainable Development ဖြစ်အောင် ဆောင်ရွက်သွားရန် လျာထားပါသည်။

**တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

စာမျက်နှာ ၁၇ သို့

## ပြည်တွင်းရေးရာ

စာမျက်နှာ ၁၆ မှ

# အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်း၏ ရည်ရွယ်ချက်

ပြည်သူများ ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးနေရမှုမှ လတ်တလောသက်သာစေရန် နောင် (၄/၅) နှစ် ကြာသည့်အခါတွင် ပြင်ပမှ ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာ ရပ်တည်လာနိုင်စေရန် (Self Reliance) နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အခြေအနေသို့ရောက်ရှိစေရန် မျှော်မှန်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။



## သမဝါယမအသင်းအဖြစ် ဖွဲ့စည်းပေးခြင်း

- သတ်မှတ်သည့် အစုငွေကို ထည့်ဝင်စေခြင်း၊
- စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူအသင်းသားအချင်းချင်း အနည်းဆုံး (၅) ဦးမှ အများဆုံး (၁၀) ဦးထိ ပါဝင်သော ဝိုင်းကြီးချုပ်အဖွဲ့များ ဖွဲ့စည်းပေးခြင်း၊
- ဝိုင်းကြီးချုပ်များပါဝင်သော သမဝါယမအသင်းအဖြစ် ဖွဲ့စည်းပေးခြင်း၊
- အသင်းသားများ၏ ဆန္ဒအရ ဒီမိုကရေစီနည်းဖြင့် အသင်းအမှုဆောင်များ ရွေးချယ်စေခြင်းနှင့် အသင်းစည်းကမ်းကို ရေးဆွဲပြုစုခြင်း၊

## ဝိုင်းကြီးချုပ်အဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်း(၃)ချက်

(၁) အဖွဲ့ဝင်များကချေးငွေကို အလွဲသုံးစားမပြုစေရန် အချင်းချင်းထိန်းကျောင်းပေးခြင်း၊

(၂) ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ် ထိရောက်စွာအသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်း ထိန်းကျောင်းပေးခြင်း၊

(၃) သတ်မှတ်ကာလတွင် ချေးငွေနှင့် ဝန်ဆောင်စရိတ်အတိုးကို ပြန်လည်ပေးဆပ်ရန် အချင်းချင်းထိန်းကျောင်းခြင်း၊ အဖွဲ့ဝင်တစ်ဦးက ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရခြင်း။

## ဝန်ထမ်းများနှင့် အသင်းအမှုဆောင်များလိုက်နာရမည့် သံမဏိစည်းကမ်း (၂)ချက်

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့်သာ လုပ်ငန်းစရိတ်သုံးစွဲပြီး အခြေခံသမဝါယမအသင်းထံမှသော်လည်းကောင်း၊ ငွေချေးယူကြသည့် အသင်းထံမှသော်လည်းကောင်း၊ တစ်စုံတစ်ရာငွေကြေးဖြတ်တောက်ခြင်း မပြုရ။

(၂) ချေးငွေနောက်တစ်ကြိမ် ထုတ်ချေးသည့်အခါ အဆပ်ပြ၍ ပြန်လည်ထုတ်ချေးခြင်းမပြုရ၊ အမှန်တကယ် ပေးဆပ်ပြီးမှသာ ထပ်မံထုတ်ချေးရမည်။

## China EXIM Bank ချေးငွေ USD သန်း (၁၀၀) အပါအဝင် သမဝါယမအသင်းများက အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း (၂၀၀၉၂၁.၂၀၅) အား အသင်းသားပြည်သူများသို့ ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်သည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ပေါင်း | အသင်း/ကျေးရွာ | အသင်းသား | အစုငွေ(ကျပ်သန်း) | စုဆောင်းငွေ(ကျပ်သန်း) | ထုတ်ချေးငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ၈ | ၅၀၆ | ၆၀၇၆၈ | ၃၂၇.၈၆၂ | ၁၄၄၄.၂၄၄ | ၃၅၉၁.၆၂၀ |
| ၂ | ကချင် | ၁၁ | ၃၉၂ | ၂၅၅၂၁ | ၃၂၂.၃၂၁ | ၁၈၂၁.၈၃၀ | ၃၄၅၁.၀၉၈ |
| ၃ | ကယား | ၆ | ၁၄၆ | ၁၃၇၇၄ | ၆၅.၉၂၃ | ၄၅၉.၇၆၃ | ၁၈၂၅.၈၄၆ |
| ၄ | ကရင် | ၇ | ၃၀၉ | ၁၇၈၈၅ | ၁၃၃.၂၅၆ | ၈၁၀.၂၈၅ | ၁၆၇၀.၅၂၃ |
| ၅ | ချင်း | ၉ | ၂၇၅ | ၁၃၅၁၂ | ၉၉.၄၄၇ | ၄၇၄.၉၈၁ | ၁၃၀၃.၂၄၄ |
| ၆ | စစ်ကိုင်း | ၃၅ | ၅၃၀၇ | ၃၃၀၅၉၂ | ၁၉၃၅.၄၁၉ | ၆၀၈၆.၃၉၈ | ၃၂၈၃၉.၁၉၃ |
| ၇ | တနင်္သာရီ | ၁၀ | ၁၀၇ | ၁၄၇၇၇ | ၁၀၇.၂၄၇ | ၁၂၆၂.၈၀၂ | ၂၃၃၀.၄၄၄ |
| ၈ | ပဲခူး | ၂၈ | ၃၉၂၀ | ၂၅၁၂၅၆ | ၁၃၄၉.၃၃၁ | ၄၅၁၁.၀၇၇ | ၂၆၁၅၂.၁၆၂ |
| ၉ | မကွေး | ၂၅ | ၂၁၆၇ | ၁၅၈၉၁၂ | ၁၁၂၅.၅၈၈ | ၃၄၉၃.၆၅၆ | ၁၆၃၇၁.၆၆၀ |
| ၁၀ | မန္တလေး | ၂၈ | ၃၁၁၀ | ၄၁၄၃၈၂ | ၂၂၆၈.၈၅၂ | ၈၇၁၄.၉၄၀ | ၄၀၉၇၅.၀၉၂ |
| ၁၁ | မွန် | ၁၀ | ၄၀၇ | ၃၃၁၆၀ | ၂၇၈.၆၁၈ | ၁၈၄၈.၁၈၈ | ၅၂၃၈.၅၀၀ |
| ၁၂ | ရခိုင် | ၁၇ | ၄၉၂ | ၂၉၂၅၈ | ၃၁၀.၈၁၃ | ၁၅၄၅.၅၁၉ | ၂၃၅၂.၉၀၄ |
| ၁၃ | ရန်ကုန် | ၄၄ | ၁၂၅၀ | ၁၆၈၆၉၉ | ၇၉၂.၄၇၆ | ၅၄၃၁.၅၃၈ | ၁၅၁၃၃.၁၆၉ |
| ၁၄ | ရှမ်း | ၄၃ | ၁၅၀၂ | ၁၃၂၅၂၄ | ၁၈၀၉.၂၈၉ | ၁၀၀၃၅.၇၁၆ | ၁၉၃၉၅.၈၂၅ |
| ၁၅ | ဧရာဝတီ | ၂၆ | ၃၂၁၂ | ၂၈၄၄၃၀ | ၁၅၅၀.၇၃၀ | ၈၈၈၆.၂၆၁ | ၂၈၂၈၉.၉၂၅ |
| | စုစုပေါင်း | ၃၀၇ | ၂၃၁၀၂ | ၁၉၄၉၄၅၀ | ၁၂၄၇၇.၁၇၂ | ၅၆၈၂၇.၁၉၈ | ၂၀၀၉၂၁.၂၀၅ |




နှစ်အလိုက်အသင်းအရေအတွက်နှင့်ချေးငွေ တိုးတက်ဆောင်ရွက်ပေးနိုင်မှုအခြေပြဂရပ်

## အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကြောင့် တစ်လလျှင်အတိုး ကျပ်သန်း (၁၆၃၆၆.၂၄) သက်သာလျက်ရှိ

ယနေ့သမဝါယမက ဖော်ဆောင်ပေးလျက်ရှိသော အသေးစားအရင်းအနှီးချေးငွေ (Microfinance) လုပ်ငန်းဖြင့် ပြည်သူများသို့ ကျပ်ဘီလီယံ (၂၀၀) ကျော် ထုတ်ချေးထားပြီးဖြစ်ပါသည်။ ယင်းသို့ ထုတ်ချေးရာတွင် ကျပ် (၁၂၉၇၁၄.၇၀၅) သန်းအား အတိုးနှုန်း ဝ - ၅ဝါး ဖြင့်လည်းကောင်း၊ ကျပ် ( ၇၁၂၀၆.၅၀၀ ) သန်းအား အတိုးနှုန်း ၂ိ- ၅ဝါး ဖြင့်လည်းကောင်း ထုတ်ချေးထားခြင်းဖြစ်ပါသည်။ ထိုချေးငွေပမာဏသည် မိသားစုတစ်စုချင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်လုပ်ငန်းများတွင် မဖြစ်မနေလိုအပ်ငွေများဖြစ်၍ သမဝါယမမှ ထုတ်မချေးပါကလည်း ပြည်သူများအနေဖြင့် မရပ်တည်နိုင်ဘဲ ချေးငွေရရှိနိုင်သည့် ငွေရှင်၊ ကြေးရှင်များထံမှ ချေးယူကြရမည်ဖြစ်ပါသည်။ ထိုသို့ချေးယူရပါက ပြင်ပတွင် ရွှေပေါင်၊ အိမ်ပေါင်၊ မြေပေါင်ထားလျှင် အတိုးနှုန်း ၅/- တိုး အထိချေးယူရပြီး အပေါင်မထားပါက ၁ဝ/- တိုးမှစ၍ ၂ဝ/- တိုး၊ ၂၅/- တိုးအထိ အတိုးကြီးပေးကာ ချေးယူရသဖြင့် ရွှေ၊ အိမ်၊ ခြံ၊ မြေများ ဆုံးရှုံးကာ ဆင်းရဲဒုက္ခရောက်လျက်ရှိကြောင်း နေ့စဉ်တွေ့မြင်ကြားသိနိုင်ပါသည်။ ချေးငွေကျပ်ဘီလီယံ (၂၀၀) ကို ပြင်ပအတိုးနှုန်း ပျမ်းမျှ ၁ဝ/- အတိုးနှုန်းနှင့်တွက်လျှင်ပင် ပြည်သူများက ငွေရှင်၊ ကြေးရှင်များသို့ တစ်လအတိုး ကျပ်သန်း (၂၀၀၉၂ . ၁၂ ) ပေးရပါမည်။ သမဝါယမက (ဝိ-၅ဝါး/၂ိ- ၅ဝါး ) အတိုးနှုန်းဖြစ်၍ သမဝါယမသို့ တစ်လပေးရမည့် အတိုးငွေမှာ ကျပ်သန်း ( ၃၇၂၅. ၈၈ ) သာဖြစ်ပါသည်။ သို့ပါ၍ ပြည်သူများအနေဖြင့် လစဉ် အတိုးကျပ်သန်း (၁၆၃၆၆. ၂၄ ) ကျော် သက်သာလျက်ရှိကြောင်း အောက်ပါဇယားအရ သိရှိရပါသည် -

| စဉ် | အကြောင်းအရာ | အသင်း | အသင်းသား | ထုတ်ချေးငွေ (ကျပ်သန်း) | အတိုး(၁လစာ) (ကျပ်သန်း) | | |
|---|---|---|---|---|---|---|---|
| | | | | | ၁၀ကျပ်တိုး | ၁.၅/၂.၅ကျပ်တိုး | သက်သာမှု |
| ၁ | ၁.၅ ကျပ်တိုး | ၁၈၉၉၆ | ၁၃၉၉၆၈၀ | ၁၂၉၇၁၄.၇၀၅ | ၁၂၉၇၁.၄၇၁ | ၁၉၄၅.၇၂၁ | ၁၁၀၂၅.၇၅၀ |
| ၂ | ၂.၅ ကျပ်တိုး | ၄၁၀၆ | ၅၄၉၇၇၀ | ၇၁၂၀၆.၅၀၀ | ၇၁၂၀.၆၅၀ | ၁၇၈၀.၁၆၃ | ၅၃၄၀.၄၈၈ |
| | စုစုပေါင်း | ၂၃၁၀၂ | ၁၉၄၉၄၅၀ | ၂၀၀၉၂၁.၂၁ | ၂၀၀၉၂.၁၂ | ၃၇၂၅.၈၈ | ၁၆၃၆၆.၂၄ |




ချေးငွေကျပ်ဘီလီယံ (၂၀၀)တွင် သမဝါယမနှင့် ပြင်ပ တစ်လအတိုးကျသင့်ငွေ ကွာခြားမှုပြဂရပ်

တစ်လလျှင် (၁၆၃၆၆. ၂၄) သန်း၊ (၁) နှစ်လျှင် ( ၁၉၆၃၉၄. ၈၈ ) ကျပ်သန်း အတိုးသက်သာမည်ဖြစ်၍ ၎င်းငွေများကို ပြည-သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားမိမိတို့၏ လူမှုလုပ်ငန်းများတွင် အသုံးပြုကြခြင်းဖြင့် မဝေးတော့သည့် အနာဂတ်တွင် ကျေးလက်ဒေသများ ဆင်းရဲမှုလျော့ကျလာနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝအမှန်ပင်မြင့်တက်လာမည်ဖြစ်ပေသည်။

ပြည်တွင်းရေးရာ

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော်၊ ဒီဇင်ဘာ ၁၄**

နေပြည်တော်ကောင်စီ နယ်မြေစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကြိုင်ဦးဆောင်သော သီးနှံကာကွယ်ရေး၊ မြေအသုံးချရေးနှင့် မျိုးစေ့ပူးပေါင်းအဖွဲ့သည် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ ဟင်းသီးဟင်းရွက်နှင့် ပန်းမုန်လာ၊ ပန်းဂေါ်ဖီစိုက်ခင်းများသို့ ဒီဇင်ဘာ ၈ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှု၍ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကွင်းဆင်းကြည့်ရှု၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်လှမင်းက တောင်သူများ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရွေးချယ်စိုက်ပျိုးတတ်စေရန်ပညာပေး ဟောပြောခဲ့သည်။

တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်နွယ်နီဝင်းက ပန်းမုန်လာ၊ ပန်းဂေါ်ဖီစိုက်ခင်းများတွင် အများဆုံးကျရောက်တတ်သည့် စိန်ကွက်ဖလံပိုးနှင့် ငမြောင်တောင်ပိုးများအကြောင်းနှင့် ယင်းပိုးများ၏ ဖျက်ဆီးမှုလက္ခဏာ၊ ဘဝစက်ဝန်း၊ ပိုးမွှားကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ၊ ပိုးသတ်ဆေးစနစ်တကျ ကိုယ်တွယ်သုံးစွဲခြင်းနည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

ယင်းနောက်တိုင်းမြေအသုံးချရေး တာဝန်ခံ ဦးထွန်းထွန်းလင်းက အပင်များအတွက် လိုအပ်သောအာဟာရဓာတ်များကို အချိုးညီညီ စနစ်တကျသုံးစွဲတတ်စေရန်နှင့် သဘာဝမြေဩဇာများကိုလည်း သုံးစွဲသင့်ကြောင်းကိုလည်း ပညာပေးဟောပြော၍ အပြန်အလှန်ဆွေးနွေးခဲ့သည်။

**ကိုပေါက်(ဥတ္တရမြေ)**



## တိုင်းရင်းဆေးကုသရေးအဖွဲ့ မြစ်ကြီးနားသို့ကွင်းဆင်းကုသ

**မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၄**

